တောင်ကိုင်းကျေးရွာ

မိုးမိတ်မြို့နယ်

# ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (၂၀၁၆ - ၂၀၂၀)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

တောင်ကိုင်းကျေးရွာ၊ မိုးမိတ်မြို့နယ်

(မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ

## မာတိကာ


**မာတိကာ** ၁

**စကားချီး** ၄

**တောင်ကိုင်းကျေးရွာ အရင်းအမြစ်ပြမြေပုံ၊ မိုးမိတ်မြို့နယ်** ၆

**အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ နှင့် အစီအစဉ်** ၇

**(၁) နိဒါန်း- ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု** ၇

(က) ရည်ရွယ်ချက်နှင့် ကျိုးကြောင်း ဖော်ပြချက်

(ခ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု

**(၂) ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ** ၉

(က) တည်နေရာ၊ ရာသီဥတု နှင့် မြေမျက်နှာသွင်ပြင် အနေအထား ၉

(ခ) သဘာဝအရင်းအမြစ်များ

**(၃) ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ** ၉

(က) လူဦးရေဆိုင်ရာ အချက်အလက်များ

(ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု

(ဃ) ကျန်းမာရေး နှင့် အာဟာရ

(င) ပညာရေးနှင့် ကျွမ်းကျင်မှုများ

(စ) ကျားမဆိုင်ရာ ဆက်နွယ်မှု

**(၄) ကဏ္ဍအသီးသီး၏ လက်ရှိ ဖွံ့ဖြိုးမှု အခြေအနေ** ၁၂

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်

(ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ

(ဂ) စိုက်ပျိုး မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

(ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာ စီမံခန့်ခွဲမှု

(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

(ဆ) လူငယ်နှင့် ယဉ်ကျေးမှု

(ဇ) အခြေခံ အဆောက်အဦများလက်လှမ်းမီမှု - လမ်း၊ တံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့် ဆက်သွယ်ရေး

(ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး

**(၅) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ** ၁၇

(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ

(ခ) အဟန့်အတားများ နှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

**(၆) ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့် ဗျူဟာ** ၁၈

**(၇) ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များနှင့် ဗဟိုအဆင့် မူဝါဒများအကြား အစီအစဉ်ကျသော ချိတ်ဆက်မှုများ** ၂၀

(၈) ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော် ဆောင်ရွက်မည့် အချိန်ကာလ ၂၂
(က) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်နှင့် ဘဏ္ဍာငွေသုံးစွဲရေးအစီအစဉ်
( ခ) ကဏ္ဍ နှင့် ရင်းနှီးမြှုပ်နှံမှုကိုအခြေခံ၍ စီမံချက်အုပ်စု သတ်မှတ်ခြင်း
( ဂ) ဦးစားပေး စီမံချက်များ
(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ
(၉) ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ အစီအစဉ် ၃၂
(၁၀) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ ၃၃
(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ
( ခ) ဖွံ့ဖြိုးရေး မိတ်ဖက် အဖွဲ့အစည်းများ
( ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ
(ဃ) ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန် နှင့် ပြုပြင်ထိန်းသိမ်းရန် အတွက် အဖွဲ့အစည်းဆိုင်ရာ နှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ
(၁၁) စီမံကိန်း ကြီးကြပ်စစ်ဆေးခြင်း နှင့် အကဲဖြတ်သုံးသပ်ခြင်း ၃၅
(က) ကြီးကြပ်စစ်ဆေးခြင်း
( ခ) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ခြင်း
( ဂ) နည်းပညာဆိုင်ရာ အကူအညီ
နောက်ဆက်တွဲ
နောက်ဆက်တွဲ (၁) စီမံကိန်း ဇယားများ ၃၉
(၁) လူမှုစီးပွားရေး အခြေအနေ
ဇယား ၁ လူဦးရေ နှင့် လူဦးရေဆိုင်ရာ အချက်အလက်များ
ဇယား ၂ လုပ်သား အင်အား နှင့် ဝင်ငွေရ လုပ်ငန်း အမျိုးအစား
ဇယား ၃ ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု
ဇယား ၄ ဓာတ်သတ္တုနှင့် အခြားသဘာဝ အရင်းအမြစ်များ
ဇယား ၅ ဥစ္စာဓန အဆင့် အခြေအနေ
ဇယား ၆ ကျေးရွာ၏ ဝမ်းစာဖူလုံမှု အခြေအနေ
ဇယား ၇ ကူညီ စောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ
ဇယား ၈ ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ
ဇယား ၉ ထိခိုက်သက်ရောက်မှု ခံရနိုင်သည့် အုပ်စု
(၂) ကဏ္ဍအသီးသီး၏လက်ရှိ ဖွံ့ဖြိုးမှု အခြေအနေ
ဇယား ၁၀ ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ
ဇယား ၁၁ ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ
ဇယား ၁၂ ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု
ဇယား ၁၃ ကျေးရွာ၏ ရေအရင်းအမြစ် နှင့် ရေသွင်းဧရိယာ
ဇယား ၁၄ အဓိကသီးနှံများ နှင့် အထွက်နှုန်း
ဇယား ၁၅ ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု
ဇယား ၁၆ သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ
ဇယား ၁၇ သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ
ဇယား ၁၈ မွေးမြူရေးနှင့်ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ

ဇယား ၁၉ မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ
ဇယား ၂၀ မွေးမြူရေး နှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာ နှင့် စိန်ခေါ်မှုများ
ဇယား ၂၁ စိုက်ပျိုးမွေးမြူရေး မဟုတ်သော အသက်မွေးလုပ်ငန်းများ
ဇယား ၂၂ စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများ အတွက် အခွင့်အလမ်း၊ ပြဿနာ နှင့်အခက်အခဲများ
ဇယား ၂၃ ကုန်စည် နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ
ဇယား ၂၄ ငွေကြေးလက်လှမ်းမီမှု နှင့် ဘဏ်လုပ်ငန်း
ဇယား ၂၅ သဘာဝပတ်ဝန်းကျင် နှင့် သဘာဝ အရင်းအမြစ် စီမံခန့်ခွဲမှု အတွက် လက်ရှိ အလေ့အကျင့် နှင့် အခက်အခဲများ
ဇယား ၂၆ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အခက်အခဲများနှင့် သဘာဝဘေးအန္တရာယ် လျှော့ချရေး အစီအမံများ
ဇယား ၂၇ မူလတန်း၊ အလယ်တန်း၊ အထက်တန်း နှင့် တက္ကသိုလ်ပညာ ပြီးစီးမှုနှုန်း
ဇယား ၂၈ ကျောင်းအပ်နှုန်း
ဇယား ၂၉ စာသင်ကျောင်းဆောင် အခြေအနေ
ဇယား ၃၀ ပညာရေး အခက်အခဲ နှင့် ပြဿနာများ
ဇယား ၃၁ အဖြစ်များသော ရောဂါများ
ဇယား ၃၂ ကျန်းမာရေး အထောက်အပံ့ နှင့် ဝန်ဆောင်မှုများ
ဇယား ၃၃ သောက်သုံးရေ ရရှိမှု
ဇယား ၃၄ သန့်ရှင်းရေး အခြေအနေ
ဇယား ၃၅ ကျေးရွာ၏ လမ်း၊ တံတားတည်ရှိမှု အခြေအနေ
ဇယား ၃၆ ရေကြောင်း သယ်ယူပို့ဆောင်ရေး
ဇယား ၃၇ သယ်ယူပို့ဆောင်ရေးယာဉ်များ
ဇယား ၃၈ လျှပ်စစ်မီးရရှိမှု အခြေအနေ
ဇယား ၃၉ ဆက်သွယ်ရေး နှင့် သတင်းအချက်အလက် နည်းပညာ အခြေအနေ
ဇယား ၄၀ ယဉ်ကျေးမှု နှင့် လူငယ်ဖွံ့ဖြိုးရေး အခြေအနေ
ဇယား ၄၁ ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမီမှု
ဇယား ၄၂ မှုခင်းဖြစ်ပွားမှု အခြေအနေ

**နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်း များ၊ အဟန့်အတားနှင့် ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ** ၆၉

ဇယား ၄၃ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ
ဇယား ၄၄ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဟန့်အတားနှင့် ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ

**နောက်ဆက်တွဲ (၃)ကျေးရွာ ဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာဆန်းစစ်ခြင်းမှ ဖြေရှင်းနည်းအထိ)** ၇၂

ဇယား ၄၅ ကျေးရွာ ဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာ ဆန်းစစ်ခြင်းမှ ဖြေရှင်းနည်း အထိ)

ကိုးကားစာရင်း ၇၆

**အပိုင်း (ခ) စီမံချက်ဆိုင်ရာ အချက်အလက်** ၇၇

စီမံချက်ဆိုင်ရာ အချက်အလက် ပုံစံ ၇၇

# စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၁၅/၁၆ ဘဏ္ဍာရေးနှစ်မှ ၂၀၁၉/၂၀ ခုနှစ် အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ ပထမဦးဆုံးသော ကျေးရွာသားများပူးပေါင်းပါဝင် ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက် ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံချက်ဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသော မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင်ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို အစီအစဉ်ချမှတ်ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများ စနစ်တကျပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲရေး ကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သော ကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့်ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာ သိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသောအစီအစဉ်ကို ထပ်မံရရှိသည့်ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းမွန်လာမည်မှာ သေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင် ရမည့်လုပ်ငန်းဖြစ်ပြီး ဆောင်ရွက်နေမှုတစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေး ရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏ ဆက်လက်ပံ့ပိုးမှုများ ရရှိနိုင်မည်ဟု ကျွန်ုပ်တို့မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင်အပိုင်း(၂)ပိုင်း ပါရှိပါသည်။ အပိုင်း(က)တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ် တို့ပါဝင်သည်။ အကောင်အထည်ဖော်မည့်ဗျူဟာ၊ ဦးစားပေးလုပ်ငန်း အစီအစဉ်များ၊ ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာရရှိနိုင်မည့် လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှု အဆင့်ဆင့်တို့ကို

အခါကဖော်ပြထားပါသည်။ အပိုင်း(ခ)သည် စီမံချက်ဆိုင်ရာ အချက်အလက်၊အကြောင်းအရာများဖြစ်ပြီး အဆိုပြုစီမံချက် လုပ်ငန်းများ၏ အသေးစိတ်အချက်အလက်များပါဝင်ပါသည်။

ဒီဇင်ဘာလ၊ ၂၀၁၅

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
တောင်ကိုင်းကျေးရွာ
မိုးမိတ်မြို့နယ်

**တောင်ကိုင်းကျေးရွာ အရင်းအမြစ်ပြမြေပုံ၊ မိုးမိတ်မြို့နယ်**



**ရည်ညွှန်း** - တောင်ကိုင်းကျေးရွာ၊တောင်ကိုင်းကျေးရွာအုပ်စု၊ မိုးမိတ်မြို့နယ်တွင် ပြုလုပ်သော ကျေးရွာဖွံ့ဖြိုးရေးစီမံချက် ရေးဆွဲခြင်း အစီအစဉ်တွင် ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင် ပူးပေါင်း အကဲဖြတ်ခြင်း မှ ရယူသည်။ (၂၇-၂၉ ဇူလိုင် ၂၀၁၅)

# အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေး ဗျူဟာနှင့် လုပ်ငန်းအစီအစဉ်

## ၁။ နိဒါန်း- ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု

### (က) ရည်ရွယ်ချက်နှင့် ကျိုးကြောင်း ဖော်ပြချက်

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည် အစိုးရဌာနများ၊ ပြည်တွင်း/ ပြည်ပအဖွဲ့အစည်း များ၏ နိုင်ငံအတွင်း ဆောင်ရွက်ခဲ့ပြီးသော ဖွံ့ဖြိုးရေးလုပ်ငန်းအတွေ့အကြုံများကို လေ့လာ သုံးသပ်ပြီး တစ်နိုင်ငံလုံးကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲအကောင်ထည်ဖော်မည့် အစီအစဉ် သစ်ဖြစ်ကြောင်း သိရှိရပါသည်။

ကျွန်ုပ်တို့၏ ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို နိုင်ငံတော်၏ အကူအညီဖြင့် ရေးဆွဲရာတွင် ကျေးရွာလူကိုယ်တိုင် တက်ကြွစွာပါဝင်၍ ရေးဆွဲခဲ့ပါသည်။ ယခင်က ဖွံ့ဖြိုးရေးအစီ အစဉ် ရေးဆွဲရေး အတွေ့အကြုံမရှိခဲ့ပါ။ ဤအစီအစဉ် ရေးဆွဲပြီးနောက် ကျေးရွာ၏ ဖွံ့ဖြိုးရေး ဆိုင်ရာ ကိန်းဂဏန်း၊ သတင်းအချက်အလက်များ ပြုစုရန် အရေးကြီးပုံကို အလေးထား မိလာ ကြပါသည်။ ထို့အပြင်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာများစသည်တို့ထံမှ လိုအပ်သော ကိန်းဂဏန်း၊ သတင်းအချက်အလက်များ ရယူရန်နှင့် ကျွနုပ်တို့၏ ကျေးရွာစီမံကိန်း အကောင် အထည်ဖော်ရန် လိုအပ်သော နည်းပညာများ ရရှိရန် အရေးကြီးကြောင်းကိုပါ သတိပြုမိပါသည်။

ဤအစီအစဉ်တွင် ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့ နေရသောပြဿနာများ၊ ထိုပြဿနာများ ဖြစ်ရသည့်အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကိုအထောက်အပံ့ ဖြစ်စေသော အချက်များနှင့် အဟန့်အတားဖြစ်စေသောအချက်များ၊ (၅)နှစ်တာကာလအပြီးတွင် ရရှိအောင်ဆောင်ရွက်လိုသည့် ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ကျေးရွာ အနေနှင့် ဆောင်ရွက်မည့်နည်းဗျူဟာများ၊ စီမံချက်များကို ရှင်းရှင်းလင်းလင်းဖော်ပြထားပါသည်။ ထို့ပြင်ဦးစားပေးလုပ်ငန်းများ လုပ်ဆောင်ရန် လိုအပ်သောအရာများနှင့် ငွေကြေးရရှိနိုင်မည့် လမ်းကြောင်းများကိုလည်း ဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သော အစိုးရဌာနများ၊ အစိုးရမဟုတ်သော အဖွဲ့အ စည်းများ၊ အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊ စာပေပညာရှင်များ၊ သတင်းနှင့် ပြည်သူ့ဆက်သွယ်ရေးအဖွဲ့အစည်းများ၏ အာရုံစိုက်မှုကိုရစေပြီး ကျေးရွာဖွံ့ဖြိုးရေးနှင့် ပတ်သက်သူမှန်သမျှတို့သည် ဤအစီအစဉ်မှတ်တမ်း၏ အသုံးဝင်မှုများကိုသိရှိစေရန်မျှော်လင့်ပါ သည်။

ကျွန်ုပ်တို့၏ ကျေးရွာအဆင့် အားထုတ်မှုများအတွက် မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာ အကူအညီ များကို စုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကို မြို့နယ်အဆင့်၊ ပြည်နယ်နှင့် တိုင်း ဒေသကြီးအဆင့်၊ ပြည်ထောင်စုအဆင့်အစိုးရအဖွဲ့အစည်းများအား တင်ပြမည်ဖြစ်ပါသည်။ ပုဂ္ဂလိက ကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏လိုလားချက်နှင့် ၎င်းတို့၏ စီးပွား ရေးဆိုင်ရာ ဝန်ဆောင်မှုများ ချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက် ဆောင်ရွက်လာနိုင်မည်ဖြစ် သည်။

အစိုးရမဟုတ်သောအဖွဲ့အစည်းများ (NGOs)၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ (CSOs) နှင့် အလှူရှင်အဖွဲ့အစည်းများသည် ကျေးရွာလူထု၏ အမှန်တကယ်လိုအပ်ချက်များနှင့် ဦးစားပေး ဆောင်ရွက်ရမည့် လုပ်ငန်းများအား ပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။ ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေ လုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိ ငွေကြေးဆိုင်ရာ လိုအပ်ချက်များ အတွက် သတင်းအချက်အလက်များ ပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့် အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်ုပ်တို့ ကျေးရွာနှင့် ကျေးလက်လူထု၏ တိကျသောလိုအပ်ချက်များအား သိရှိလာခြင်းကြောင့် ကျွန်ုပ်တို့ ကျေးရွာနှင့်ဆိုင်သော ၎င်းတို့၏သုတေသနလုပ်ငန်းများကိုစီစဉ်ဆောင်ရွက် လာနိုင်မည်ဖြစ်သည်။

မီဒီယာများ၊ ပြန်ကြားဆက်သွယ်ရေးနှင့် ပြည်သူ့အရေးရပ်တည်မှုပေးသည့် အဖွဲ့အစည်းများ အနေ ဖြင့် ယုံကြည်ရလောက်သည့် သတင်းအချက်အလက်များကို ရရှိနိုင်မည်။

နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာ ငွေကြေးဆိုင်ရာ အဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများ အနေဖြင့် ၎င်းတို့အချင်းချင်း ပေါင်းစည်းဆောင် ရွက်မှု ပိုမိုကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များကို မြို့နယ်အဆင့်တွင် ပေါင်းစပ် ညှိနှိုင်း စီစဉ်မှုများပြုလာနိုင်ပါမည်။

## (ခ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု

ယခင်ကဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျွန်ုပ်တို့ကိုယ်တိုင် ထည့်ဝင်နိုင်သောငွေကြေး၊ အစိုးရနှင့်အခြားအဖွဲ့အစည်းများထံမှ ရရှိနိုင်မည့်အကူအညီများကို အခြေခံကာ ဦးစားပေးစီမံကိန်းများ ချမှတ်ခဲ့ကြပါသည်။ ယခုအခါ ယင်းသို့မဟုတ်ဘဲ ကျယ်ပြန့်သည့် ဖွံ့ဖြိုးရေးအမြင်ဖြင့် ရေးဆွဲထားပါသည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်း ဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့် ရရှိပြီးအမြင် ရှင်းလင်းစေကာ ဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လူထုကို အဓိကနေရာတွင်ထားရှိခြင်း ဖြစ်ပါသည်။ ဤသို့ဖြင့် လုပ်ငန်းများကို လူထုပါဝင်၍စုစည်းခြင်း၊ ဦးစားပေးရွေးချယ်ဆောင်ရွက်ခြင်းအားဖြင့်ကျေးရွာ လူထု၏ ဖွံ့ဖြိုးမှုကို တိတိကျကျ ပံ့ပိုးပေးရာ ရောက်ပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေး အစီအစဉ်ကို အကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေးအခက်အခဲ၊ နည်းပညာ အခက်အခဲများ ရှိနေပါသည်။ သို့ဖြစ်၍ လက်တွေ့အကောင်အထည် ဖော်ရာတွင် ကျွန်ုပ်တို့ကျေးရွာ၏ ဖွံ့ဖြိုးရေး လိုအပ်ချက်များအား အများဆုံးနှင့် အထိရောက်ဆုံး ဖြည့်ဆည်းနိုင်မည့် စီမံကိန်းများကို နှစ်အလိုက် ဦးစားပေးရွေးချယ်ဆောင်ရွက်ပါမည်။ ကျွန်ုပ်တို့၏ စွမ်းရည်နှင့်လိုအပ်သော အရင်းအနှီးများ ပြည့်စုံမှု အပေါ်မူတည်၍ နောင်တွင် တဖြည်းဖြည်း တိုးချဲ့ ဆောင်ရွက်သွားမည့် အစီအစဉ်မျိုး ဖြစ်ပါသည်။

## ၂။ ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ

### (က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင် အနေအထား

ရှမ်းပြည်နယ်သည် မြောက်ဘက်နှင့်အရှေ့မြောက်ဘက်တွင် ကချင်ပြည်နယ်နှင့် တရုတ်ပြည်နယ်၊ အရှေ့ဘက်တွင် လာအိုနိုင်ငံနှင့်ထိုင်းနိုင်ငံ၊ အနောက်ဘက်တွင် မန္တလေးတိုင်းဒေသကြီးနှင့် တောင်ဘက်တွင် ကယားပြည်နယ်တို့ဖြင့် နယ်နိမိတ်ခြင်းထိစပ်နေပါသည်။ တောင်ကိုင်းကျေးရွာသည် ရှမ်းပြည်နယ်မြောက်ပိုင်းရှိ ကျောက်မဲခရိုင် မိုးမိတ်မြို့နယ်အတွင်းတည်ရှိသော အုပ်စုအဆင့် ရွာကြီးတစ်ရွာ ဖြစ်ပါသည်။ မိုးမိတ်မြို့မှ အနောက်တောင်ဘက် ၄မိုင်ခန့်အကွာ မိုးမိတ်-တွင်းငယ်ကားလမ်းပေါ်တွင် တည်ရှိပြီး အရှေ့ဘက်တွင် ဒိုးပင်ရွာ၊ မြောက်ဘက်ကားလမ်းမတစ်ဖက်ခြမ်းတွင် အိမ်ခြေအနည်းငယ်နှင့် လယ်ကွင်းများ၊ အနောက်ဘက်တွင်လက်ခုပ်ပင်ရွာ နှင့်တောက်ဘက်တွင် တောင်တန်းများ ဝန်းရံတည်ရှိပါသည်။ မိုးမိတ်-တွင်းငယ်ကားလမ်းသည် တောင်ကိုင်းရွာတွင် ထောင့်ချိုးကွေ့ပြီး ကင့်နွယ်ချောင်းသည် ယင်းကားလမ်းကို ကျေးရွာ၏ ၃ပုံ၂ပုံခန့်မှဖြတ်သွားပြီး ရွာအရှေ့ဘက်ခြမ်းသည် လယ်ကြီးကျေးရွာအုပ်စု နှင့် တစ်ဆက်တစ်စပ်တည်းတည်ရှိပါသည်။

မိုးမိတ်မြို့သည် ပင်လယ်ရေမျက်နှာပြင်အထက် ဖ၄၀ ပေသာရှိသောကြောင့် ရှမ်းကုန်း မြေမြင့်တွင်ရှိသည် ဆိုသော်လည်း မြေနိမ့်လွင်ပြင်ကဲ့သို့ဖြစ်ပြီး အပူချိန်အမြင့်ဆုံးသောနှစ်ဖြစ်သော ၂၀၁၄ခုနှစ်တွင် ၄၀'ဖာရင်ဟိုက်ထိရှိပြီး သာမန်နှစ်များ၏ အမြင့်ဆုံးအပူချိန်မှာ ၃၇.၇'ဖာရင်ဟိုက် ဖြစ်ကာ အနိမ့်ဆုံးအပူချိန်မှာ ၆'ဖာရင်ဟိုက်မှာ ၁၁.၁'ဖာရင်ဟိုက် ဖြစ်ပါသည်။ မိုးရေချိန်အများဆုံး ၅၀.၀၂ လက္မ (၂၀၁၁) နှင့် အနည်းဆုံး ၂၈လက္မ (၂၀၁၂)ခုနှစ် ဖြစ်ပါသည်။ ပျှမ်းမျှမိုးရေချိန်မှတ်တမ်းမှာ ၄၅.၀၂လက္မဖြစ်သည်။

### (ခ) သဘာဝအရင်းအမြစ်များ

တောင်ကိုင်းရွာတည်နေပုံသည် မိုးမိတ်-တွင်းငယ် ကျောက်ခင်းလမ်းထောင့်ချိုးနှင့် ကင့်နွယ်ချောင်းဖြတ်ရာတွင်ရှိသောကြောင့် ကျေးရွာသည် ကားလမ်းတစ်ဖက်တစ်ချက်နှင့် ချောင်းတစ်ဖက်တစ်ချက်တွင် သုံးမြှောင့်ပုံရှိရာ ယင်းကင့်နွယ်ချောင်းသည်ပင် ကျေးရွာ၏ သဘာဝရင်းဖြစ်ဖြစ်ပြီး တောင်ဘက်တွင်တောင်တန်းများရှိကာ ချေ၊တောဝက်စသည်တို့ကို တွေ့ရနိုင်သေးသော်လည်း သစ်ပင်ထူထပ်သည့်တောကြီးများ မရှိတော့ပါချေ။ စိုက်ပျိုးရေအတွက် ဝါးပိုးချောင်တစ်ခုလည်းရှိသေးပြီး ရွာ၏တောင်ဘက်တွင် ရှိပါသည်။

## ၃။ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ

### (က) လူဦးရေဆိုင်ရာ အချက်အလက်များ

အိမ်ခြေစုစုပေါင်း ၁၈၆ အိမ်အခြေချနေထိုင်ပြီး လူဦးရေ (ကျား၊မ)စုစုပေါင်း ၈၈၃ ဦး ရှိသောကြောင့် တစ်အိမ်လျှင် ၄.၇ဦးနှုန်း နေထိုင်လျှက်ရှိသည်ဟု ဆိုရမည် ဖြစ်ပါသည်။ လူဦးရေ

စုစုပေါင်းတွင် အမျိုးသမီးဦးရေက ၆၇ ဦးထိ ပိုပါသည်။ နို့စို့အရွယ်တွင်ကွာခြားမှု မရှိဘဲ အသက် ၅နှစ်အောက်တွင် ယောက်ကျားလေးဦးရေက ၅ ဦးပိုပါသည်။ မူလတန်းအရွယ်တွင် ၁၇ဦး၊ အလယ်တန်းအရွယ်တွင် ၄ဦး၊အလုပ်လုပ်နိုင်သော အသက်အရွယ်တွင် ၃၆ ဦးနှင့် သက်ကြီးအရွယ်တွင် ၁၄ဦး အမျိုးသမီးဦးရေက ပိုပါသည်။ အထူးသဖြင့် အလုပ်လုပ်နိုင်သောအသက်အရွယ်တွင် ၃၆ ဦးထိပို ခြင်းကြောင့် အမျိုးသမီးလုပ်သားအင်အားစုအား ကောင်းသည်ဟု ဆိုနိုင်ပါသည်။ သက်ကြီးရွယ်ကြီး တွင်လည်း အမျိုးသမီးဦးရေက၂ဆပိုနေခြင်းသည် လည်း သိသာထင်ရှားသော အချက်တစ်ချက်ဖြစ်ပါ သည်။ ထို့ပြင် အမျိုးသမီးဦးဆောင်အိမ်ထောင်စု ၅၉စု ရှိသဖြင့် ၃၁.၇၂% ထိရှိနေပါသည်။ အကြောင်း ရင်းမှာ ရွှေလီသစ်ကွင်းသို့ အမျိုးသားများသွားရောက်လုပ်ကိုင်ရာမှ ဆေးစွဲကာသေဆုံးသူများ၊ ထောင် ကျသူများ သို့မဟုတ် အိမ်သို့ပြန်ရောက်မလာသူများကြောင့် ဖြစ်သည်ဟုဆိုပါသည်။ ယင်း၅၉စုအနက် ၂၇စုမှာ ကျပမ်းလုပ်ကိုင်စားနေရပြီး ကျန်၃၂စုတွင် စစ်သား အမေ ၁ဦး၊ ဗေဒင်ဆရာမ ၁ဦး၊ ဂန်ထမ်း ၁ဦး၊ ဈေးလှည့်ရောင်းသူ ၂ဦး၊ အကြော်ရောင်း၁ဦးနှင့် တောင်သူ ၂၆ဦးစုစုပေါင်း ၃၂ဦးဖြစ်ပါသည်။

## (ခ) စီးပွားရေးအခြေအနေ-(ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု)

ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်သော ဥစ္စာဓနအဆင့် ခွဲခြားမှုနည်းလမ်း အရ တောင်ကိုင်းကျေးရွာတွင် က အဆင့် ၂၅ စု၊ ခ အဆင့် ၃၈ စု၊ ဂ အဆင့် ၅၀ စု နှင့် ဃ အဆင့် ၇၃စု ရှိပါသည်။ သာမန်အားဖြင့် ကျေးရွာတွင် ချမ်းသာအဆင့်၊ အလယ်အလတ်အဆင့် နှင့် ဆင်းရဲအဆင့်သာ ခွဲခြားလေ့ရှိရာ ဆင်းရဲအဆင့်ကို ဆင်းရဲ နှင့် အလွန် ဆင်းရဲ အဖြစ် ထပ်မံခွဲခြားထားခြင်းဖြစ်ပါသည်။ က အဆင့်မှ ဂ အဆင့်ထိတိုင် မြေယာပိုင်ဆိုင်မှုရှိကြပြီး ဃ အဆင့်မိသားစုများသာ မြေယာမဲ့ အဖြစ် သတ်မှတ်ကြပါသည်။ ဃ အဆင့်မိသားစုမှာ ၃၉.၂၄%၊ ဂ အဆင့်မိသားစု ၂၆.၈၈%၊ ခ အဆင့် မိသားစု ၂၀.၄၃% နှင့် ကအဆင့် မိသားစု ၁၃.၄၄% အသီးသီးဖြစ်ပါ သည်။ ဂ နှင့် ဃ အဆင့်ပေါင်းလျှင် ၆၆.၁၂ဖြစ်ရာ ကျေးရွာအတွင်း လူမှုစီးပွားထိခိုက်မှုတစ်စုံတစ်ရာဖြစ် ပွားခဲ့ပါက သက်ရောက်ချက်များ နိုင်သော ပမဏဖြစ်ပါသည်။ ထို့ပြင် ယင်းအစုတွင် မူးယစ်ဆေးဝါးကြောင့် ထောင်ကျနေသော (သို့မဟုတ်)စီးပွားရေးကို ဦးဆောင်ခြင်းမပြုနိုင်တော့သော အမျိုးသားများ၏ ဇနီးများသည် အမျိုးသမီး ဦးဆောင်အိမ်ထောင်စုများအဖြစ်ပါဝင်ကာ အသက်မွေးဂမ်းကျောင်းနှင့် ဆက်စပ်ဂန်ဆောင်မှုများ ရယူ ရာတွင် ကျား၊မဆက်နွယ်မှု အကန့်အသတ်တစ်ချို့ကို ဤကျေးရွာတွင်မြင်တွေ့ရပါသည်။ ဥပမာ ရွာဆော်သည် အမျိုးသားဖြစ်သော်လည်း ၄င်း၏ဇနီးဖြစ်သူကသာ တာဂန်ပေးအပ်လာပါက ရွာရိုး တစ်လျှောက်လှည့်လည် နှိုးဆော်ရပါသည်။ ဂင်ငွေမှာ က အဆင့် ၃၆သိန်း၊ ခ အဆင့် ၂၄သိန်း၊ ဂ အဆင့် နှင့် ဃ အဆင့်များတွင် ၁၂ သိန်း၆သောင်းနှင့် ၁၂သိန်းအသီးသီး ဖော်ထုတ်ရာ က နှင့် ခ ကွာခြား မှုသည် ၃ဆဖြစ်ပါသည်။ ဂင်ငွေနှင့်အခြားပိုင်ဆိုမှုများသည်လည်း ၃ဆခန့်ဖြစ်သည်ဟု မှန်းဆနိုင်ပါ သည်။ ထူးခြားချက်မှာ ဂ အဆင့်၏ မြေဧကပိုင်ဆိုင်မှုကို ၃ဧကအထိဖော်ထုတ်သော်လည်း ဂင်ငွေတွင်မှု ဃ အဆင့်နှင့် ၆သောင်းသာ ကွာခြားမှုရှိခြင်းဖြစ်ပါသည်။

## (ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု

တောင်ကိုင်းရွာသည် မိုးမိတ်မြို့၏ အရေးပါသောစပါး ကွင်းများထဲတွင် ပါဝင်သော ဘသာကွင်း၏အစိတ်အပိုင်းဖြစ်ကာ စပါးထွက်နှုန်းသင့်တင့်ကောင်းမွန်သော အနေအထားတွင် ရှိပါသည်။ စားနပ်ရိက္ခာဖူလုံမှုအနေအထားသည် ဆင်းရဲနွမ်းပါးမှုနှင့် တိုက်ရိုက် ချိတ်ဆက်မှုရှိနိုင်ပြီး ၃လအောက်သာဖြေရှင်းနိုင်သော မိသားစုပေါင်းမှာ ၈စုသာဖော်ထုတ်ပြီး ၄.၃%သာရှိ ပါသည်။ ၃လနှင့်၅လကြား ဖြေရှင်းနိုင်သောမိသားစုပေါင်းမှာ ၁၅စုဖြစ်ပြီး ၈.၀၆%ဖြစ်ရာ ၄င်း၂စုပေါင်းလျှင်ပင် ၁၂.၀၉%သာရှိသဖြင့် ဝမ်းစာအတွက်တစ်နှစ်ပါတ်လုံးအကြွေးယူရန်မလိုသောအိမ်ထောင်စု ၁၆၃စုသည် ၈၇.၆၃% ဖြစ်သောကြောင့် ဝမ်းစာဖူလုံမှု မြင့်မားသောအနေအထားဖြစ်ပါသည်။ သက်ကြီးရွယ် မိသားစုစောင့်ရှောက်မှုမရရှိသူ ကျား ၁နှင့် မ ၄ ရှိပြီး မသန်စွမ်းသူမ ၁ဦးတို့ရှိရာ ကျေးရွာ၏လူဦးရေ လားရာနှင့်ယှဉ်ကြည့်ပါက သက်ကြီးရွယ်အို ၅%ထိရှိသဖြင့် ရေရှည်တွင် သက်ကြီးရွယ်အိုအခြေပြုအစီ အစဉ်တစ်ခုခုမရှိလျှင် မိသားစုစောင့်ရှောက်မှုမရရှိသူ ပိုမိုများလာနိုင်ပြီး ၄င်းတို့၏ထိခိုက်လွယ်အခြေအ နေမှာလည်း တိုးမြင့်လာဖွယ်ရှိပါသည်။ သိသာသည် လူမှုစီးပွားအကျိုးသက်ရောက်ချက်မှာ အမျိုးသမီး ဦးဆောင်အိမ်ထောင်စု ၃၁.၇၂% ဖြစ်ကာ အမျိုးသားများသည် အဓိကအားဖြင့် မူးယစ်ဆေးဝါးပြဿနာ ကြောင့် သေဆုံးခြင်း၊ ထောင်ကျခြင်း (သို့မဟုတ်) အိမ်ပြန်မလာနိုင်တော့ခြင်းကြောင့်ဖြစ်ပါသည်။ အဓိက မူးယစ်ဆေးဝါးစွဲရသည့် အကြောင်းအရင်းမှာ ရွှေလီသစ်ကွင်းတွင် သွားရောက်လုပ်ကိုင်ရာမှ တရုတ်လုပ်ငန်းရှင်များက အပင်ပန်းခံနိုင်ရန်အတွက် ဆေးပြားများကျွေးရာမှစွဲခြင်း ဖြစ်ပါသည်။

စိုက်ပျိုးရေးကို အဓိကလုပ်ကိုင်ကြရသော ကျေးရွာအနေဖြင့် သိသာသော ထိခိုက်နိုင်ခြေနှင့် လက်ရှိထိခိုက်နေသောအခြင်းအရာမှာ စီမံချက်ဝင်အခြားရွာများကဲ့သို့ပင် မိုးကုတ်မြို့ကျောက်တူးစွန့်ပစ် ပြုန်းအနည်များကြောင့် ကင့်နွယ်ချောင်းနှင့် ဝါးပိုးချောင်းထိခိုက်ခံရပြီး ချောင်းကြမ်းပြင်တိမ်ကာ ရေလျှံပြီး လယ်၊ ယာသီးနှံများ ထိခိုက်ပျက်စီးရခြင်းဖြစ်ပါသည်။ မိုးမိတ်မြို့ရေသောက်ချောင်းကြီး ၂ခုအနက် တစ်ခုဖြစ်သော နမ့်မိတ်ချောင်းကြီးနှင့်လည်း မဝေးသည့်အပြင် ၂၀၁၁ခုနှစ်က ရေကြီး ရေလျှံပြီး လယ်၊ ယာများသဲဖုံးကာ ပျက်စီးဆုံးရှုံးရဖူးပါသည်။ မိုးဦးကာလမိုးခေါင်ခြင်း သို့မဟုတ် မိုးနှောက်ကျခြင်းကို ၃နှစ်ဆက်တိုက်ခန့် ကြုံတွေ့ဘူးပြီး မည်သည့်တုံ့ပြန်မှုမျိုးမျှ ထိရောက်စွာ လုပ်ဆောင်နိုင်မှုမရှိခြင်းသည် ကျေးရွာ၏ ထိခိုက်နစ်နာလွယ်မှုကို ဖြေရှင်းရန်လိုအပ်သောအခြေအနေသို့ ရောက်ရှိနိုင်ပါသည်။

၁၂၄စုဖြစ်ပြီး ၂၂.၃၈%ဖြစ်ကာ ၃လ နှင့်၅လအထိ ဖြေရှင်းနိုင်သောမိသားစုမှာ ၆၇စုနှင့် ၁၂.၀၉% ဖြစ်ကာ ၆လမှ၁၂လအထိ ဖြေရှင်းနိုင်သော သို့မဟုတ် ဝမ်းစာဖူလုံမှုအတွက် ချေးငှားယူရန် မလိုသောမိသားစု ၃၆၃စု နှင့် ၆၅.၅၂%ဖြစ်ပါသည်။ ထိ ခိုက်နစ်နာလွယ်မှုအရ အကယ်၍ အရေးပေါ် အခြေအနေတွင် အခက်အခဲကြုံနိုင်သည့်အနေအထားမှာ ၂၂.၃၈% ဖြစ်သော ဆင်းရဲနွမ်းပါးဆုံး မိသားစု များသာဖြစ်ပါသည်။ ယင်းမိသားစုများမှာလည်း ဥစ္စာနေ အဆင့်ခွဲခြားမှုအရ ဃ အဆင့်မိသားစု များမှာ အများဆုံးဖြစ်ပြီး ၎င်းတို့မှာ စုစုပေါင်း ၁၄၇ စုနှင့် ၂၆.၅၃% ဖြစ်ပါသည်။ တောင်ကိုင်းအနေဖြင့် အမှန်တကယ်အရေးပေါ်အခြေအနေတွင် ထိခိုက်လွယ်သူအစုများ၌ ဂ အဆင့် ၂၅၇ စုလည်းပါဝင်နိုင်ပြီး ယင်းမှာ ကျေးရွာအိမ်ခြေစုစုပေါင်း၏ ၄၆.၃၈% ဖြစ်ပါသည်။

**(င) ပညာရေးနှင့် ကျွမ်းကျင်မှုများ**

တောင်ကိုင်းကျေးရွာတွင် မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်ပညာပြီးစီးမှုနှုန်းထား (၉နှစ်အထက်လူဦးရေပေါင်း**၏**)မှာ **၉၅.၃**% ဖြစ်ကာ လက်ရှိ ကောက်ခံရရှိသော စာရင်းအင်းများအရသာဖြစ်ပါသည်။ စာမတတ်သူဦးရေစုစုပေါင်းမှာ **၃၃** ဦးသာရှိကာ အများစုမှာ ကလေးငယ်များနှင့်သက်ကြီးရွယ်အိုများ ဖြစ်ပါသည်။ ဘွဲ့ရကျား ၃ဦး၊ မ ၂၂ဦး စုစုပေါင်း ၂၅ဦး ရှိကာ အများစုမှာ ဝန်ထမ်းများအဖြစ် (ဆရာမ ၁၊ စစ်သား ၄ နှင့် ဌာနဝန်ထမ်း ၁၄) ထမ်းဆောင်ကြပါသည်။ ၉ဦးမှာ မကြာသေးမီက ဘွဲ့ရခြင်းဖြစ်နိုင်ပြီး လက်ရှိတွင် ဝန်ထမ်းအဖြစ်လုပ်ကိုင်ခြင်း မရှိသေးပါချေ။ တောင်ကိုင်းရွာ၏ စိုက်ပျိုးရေးကဏ္ဍတွင်လုပ်ကိုင်စားသူရာနှုန်းမှာ ၅၈.၀၁%ဖြစ်ရာ ကျေးရွာအတွက် အဓိကကျသော အသက်မွေးဝမ်းကျောင်းကျွမ်းကျင်မှုမှာ စိုက်ပျိုးရေးကျွမ်းကျင်မှုဖြစ်ပါသည်။ လယ်ပိုင်အိမ်ထောင်စု၆၃စုနှင့် စိုက်ပျိုးမြေဧကစုစုပေါင်း ၄၆၆.၅ဧကဖြစ်ပြီး ရွာဘုံပိုင်ဧက ၁၆ဧကိုဖယ် လျှင် စုစုပေါင်း ၄၅၀.၅ဧကဖြစ်ရာ စိုက်ပျိုးရေးကဏ္ဍတွင် ဝင်ရောက်လုပ်ကိုင်နေသော မိသားစုအင်အားဖြင့် ချိန်ထိုးလျှင် တစ်ဧကလျှင် လူ၄ဦးနှုန်းဖြင့် လုပ်ကိုင်နေပြီး ကျန်လိုအပ်သောလုပ်အားကို ကျပမ်းမိသားစုများမှလည်းကောင်း လုပ်အားချွေတာနိုင်သည့် စက်မှုကိရိယာများသုံးစွဲခြင်းအားဖြင့်လည်းကောင်း ဖြည့်ဆည်းပြီး ရွာတွင်းတွင်ပင် self sufficient လုပ်အားလုပ်သားလုံလောက်မှုရှိနေသည်ဟု ဆိုနိုင်ပါသည်။ လက်သမား၊ပန်းရံ၊ဆိုင်ကယ်ပြင် စသည့် လုပ်ငန်းများမှာအကန့်အသတ်ဖြင့်သာရှိနေပြီး ကျွမ်းကျင်မှုလိုအပ်သောလုပ်ငန်းများဖြစ်ပါသည်။ အိမ်ဈေးဆိုင်နှင့်စက်ချုပ်မှာ အမျိုးသမီးများအတွက် တစ်နိုင်ဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်ကြပါသည်။ ဝန်ထမ်း၂၃ဦးထိရှိကာ အခြေခံအားဖြင့် ဘွဲ့ရပညာတတ်ရန်လိုအပ်ပါသည်။

**(စ) ကျားမဆိုင်ရာဆက်နွယ်မှု**

တောင်ကိုင်းကျေးရွာ၏ လူဦးရေစုစုပေါင်းတွင် အမျိုးသမီးဦးရေက ၆၇ဦးပိုပါသည်။ ကျေးရွာအတွင်း ကျား၊ မဆက်နွယ်မှုမှာ မူးယစ်ဆေးဝါးပြဿနာကြောင့် ပိုမိုထင်ရှားလာပြီး အမျိုးသမီးဦးဆောင် အိမ်ထောင်စုများလာခြင်း ကျေးရွာစည်းဝေးပွဲများတွင် အမျိုးသမီးများ ပိုမို ပါဝင်လာခြင်းများကို တောင်ကိုင်းတွင် မြင်တွေ့ရနိုင်ပါသည်။

## ၄။ ကဏ္ဍအသီးသီး၏လက်ရှိဖွံ့ဖြိုးတိုးတက်မှု အခြေအနေ

ကျေးရွာ၏လက်ရှိဖွံ့ဖြိုးမှုအနေအထားကို သိရှိခြင်းအားဖြင့် နိုင်ငံတော်နှင့် ဒေသဆိုင်ရာ အဖွဲ့အစည်းများ၏ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ချမှတ် အကောင်အထည်ဖော်ရာတွင် ပိုမိုကောင်းမွန်စေရန် များစွာ အထောက်အကူပြုနိုင်ပါသည်။

## (က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်

ဖွံ့ဖြိုးရေးကိစ္စရပ်များကို သာမန်အားဖြင့် အုပ်ချုပ်ရေးနှင့် ရပ်မိရပ်ဖအဖွဲ့တို့က တိုင်ပင် ဆုံးဖြတ်လေ့ရှိပြီး တစ်ရွာလုံးက ပူးပေါင်းပါဝင်ပေးရလေ့ရှိပါသည်။ လူမှုရေး ကိစ္စများတွင် ကျေးရွာထုံးစံစုဖွဲ့လုပ်ဆောင်လေ့ရှိပြီး လက်ရှိတွင် တောင်ကိုင်းရွာဘုန်းတော်ကြီးသည် မြို့နယ်သံဃာ့မဟာနာယကဥက္ကဋ္ဌဖြစ်ပြီး ရွာကိုဩဇာလွှမ်းမိုးနိုင်ခြင်းကြောင့် ရပ်ရေးရွာရေးကိစ္စများတွင် ဝင်ရောက်လမ်းညွှန်မှုပေးလေ့ရှိပါသည်။ အုပ်စုအဆင့်ဖြစ်ပြီး ဖွံ့ဖြိုးရေးအထောက်အကူပြုကော်မတီရှိပါသည်။ များသောအားဖြင့် လူငယ်များသည် ရပ်ရေးရွာရေးတွင် တက်ကြွစွာပါဝင်ကြပါသည်။ သို့သော် လက်ရှိတွင် မူးယစ်ဆေးဝါးပြဿနာကြောင့် လူငယ်များ၏ ဦးဆောင်ပါဝင်မှုအားနည်းနေပါသည်။ ၂၀၁၁ခုနှစ်တွင် အခွန်လွတ်ဈေးတည်ဆောက်ပေးခြင်းနှင့်အတူ ကျေးရွာကိုစံပြကျေးရွာအဖြစ် အစိုးရက သတ်မှတ်ပေးခဲ့ပါသည်။

## (ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ

တောင်ကိုင်းကျေးရွာတွင် စိုက်ပျိုးလယ်ဧကပေါင်း **၄၆၆.၅ဧက၊** တွင် ယာမြေ ၁ဧက၊ ဥယျာဉ်ခြံမြေ ၁ဧကတို့ရှိပြီး စားကျက်မြေအဖြစ် ၄၀ဧက နှင့် ရွာဘုံပိုင်လယ်မြေ ၁၆ဧက တို့ပါဝင်ပါသည်။ စားကျက်မြေ၄၀ဧကမှလွဲလျှင် ကျန်မြေအမျိုးအစားများမှာ မြေအရည်အသွေးကောင်းမွန်ဆဲ အနေအထား ရှိပါသည်။ အဓိကစိုက်ပျိုးသီးနှံများမှာ စပါး၊ ပဲပုတ်၊ ပဲတီစိမ်း နှင့် စားတော်ပဲတို့ဖြစ်ကြပါသည်။ စပါးသည် သွင်းအားစုလိုအပ်ချက်မြင့်ပြီး အမြတ်ရနိုင်မှုနှုန်းလတ်အဆင့်ဖြစ်ပါသည်။ ပဲပုတ်နှင့်ပဲတီစိမ်းသည် သွင်းအားစုလိုအပ်ချက်အလယ်အလတ် နှင့် အမြတ်ရနိုင်မှုနှုန်း အလယ်အလတ်ဖြစ်ပါသည်။ စားတော်ပဲအတွက် သွင်းအားစုလိုအပ်ချက်နည်းသကဲ့သို့ အမြတ်ရနိုင်မှုလည်း နိမ့်ပါသည်။ စပါးပျှမ်းမျှထွက်နှုန်းမှာ ၈၅တင်းဖြစ်ပြီး စိုက်ပျိုးဧကဖြင့်တွက်လျှင် အခြားရာသီဥတု ပြောင်းလဲခြင်းကဲ့သို့သော ကြီးမားသည့်အကြောင်းအရာမရှိပါက ထွက်နှုန်းကောင်းမွန်ပြီး ကျေးရွာအတွက် စားနပ်ရိက္ခာဖူလုံမှုရှိသည့်အနေအထား ဖြစ်ပါသည်။ သို့သော် ကျေးရွာအတွင်း လူမှုစီးပွားမျှခြေအရ လယ်ပိုင်လယ်သမားအိမ်ထောင်စု ၆၃စုသာရှိရာ ကျန်အိမ်ထောင်စု ၁၂၅ အိမ်ထောင်စုမှာ စားနပ်ရိက္ခာဖူလုံမှုအတွက် ဖြေရှင်းရာတွင် လယ်ယာလုပ်ငန်းခွင်၌အငှားလုပ်ကိုင်ခြင်းဖြင့်သော်လည်းကောင်း အခြားရရာအလုပ်များဖြင့်သော်လည်းကောင်း ဖြေရှင်းကြရပါသည်။ ရွာဘုံပိုင်လယ် ၁၆ဧကရှိပြီး တစ်ရွာလုံးကပါဝင်စိုက်ပျိုးပြီး ဘုံစပါးအဖြစ်ထားကာ ကျေးရွာ၏သာသနာရေးနှင့် အခြားသာရေး၊ နာရေး၊ လူမှုရေးများတွင် ထည့်ဝင်သုံးစွဲကြပါသည်။ တရက်လျှင်၄ဧကပြီးအောင်စိုက်နိုင်သော ကောက်စိုက်စက်ပိုင် ၁ဦး၊ လက်တွန်းထွန်စက် ၃၂စီး၊ ခြွေလှေ့စက်၁၀စက် နှင့် ရေစုပ်စက် ၇စက်ရှိရာ စက်မှုလယ်ယာကဏ္ဍတွင် စက်ကိရိယာပိုင်ဆိုင်သောအိမ်များမှာ မိမိလယ်ပြီးပါက အခြားလယ်များသို့ အငှားလိုက်ခြင်းအားဖြင့် အပိုဝင်ငွေရပါသည်။ မိုးမိတ်၊ ပဒါန်းနှင့် မန်ကျည်းပင် ဆန်စက်များက စပါးပေါ်ချိန်ရွာတွင်းသို့ လာရောက်ဝယ်ယူကြသဖြင့် ဈေးကွက်ကိုတိုက်ရိုက်သွားရောက် ချိတ်ဆက်ရောင်းချမှုနည်းပါးသည်။

တောင်ကိုင်းရွာတွင် ကျွဲ၊နွားမွေးမြူမှုမှာ စည်းလွတ်ဥပဒေကြောင့် လွတ်ကျောင်းသည့် အလေ့ အထနည်းပါးသွားပြီး စားကျက်မြေရှားပါးလာခြင်းကြောင့် ယခင်ကကဲ့သို့ အမြောက်အမြား မွေးမြူသူ လျော့ကျသွားခဲ့သည်ဟု ဆိုနိုင်ပါသည်။အဓိကအားဖြင့် ကျွဲ၊ နွား၊ ဝက်နှင့် ကြက်တို့ကို မွေးမြူ ကြပါသည်။ ကျွဲ၊ နွားကို လယ်ယာနှင့်ဆက်စပ်ပြီး မွေးမြူကြကာ ကြက်နှင့်ဝက်ကို အိမ်ထောင်စု အနည်းငယ်ကသာ မွေးမြူကြပါသည်။ သက်ဆိုင်ရာ တိရိစ္ဆာန်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနဖြင့် ချိတ်ဆက်မှုနည်းပါးပါသေးသည်။ ငါးကန်လုပ်ကိုင်သူ ၁ အိမ်ထောင်စုရှိပြီး ရွာနှင့်ဝေးသောနေရာ ချောင်းစပ်တွင်စမ်းသပ်လုပ်ကိုင်သည့် အဆင့်သာဖြစ်ကာ စီးပွားဖြစ်လုပ်ကိုင်နိုင်ခြင်း မရှိသေးပါချေ။

## (ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

တောင်ကိုင်းရွာသည် စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ အကန့်အသတ်ဖြင့်သာ ရှိပါသည်။ သစ်စက်ငယ် ၁၊ ပန်းရံ ၁၊လက်သမား ၂၊ ဆိုင်ကယ်ပြင် ၁၊ စက်ချုပ် ၈၊ ဆံသ ၁၊ ဗေဒင်ဆရာမ ၁၊ အိမ်ဈေး ဆိုင် ၁၊ကွမ်းယာ ၂၊ အကြော်သည် ၂ တို့သည် အခြား အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ဖြစ်ပါသည်။ စု စုပေါင်းမှာ ၂၀သာဖြစ်ကာ အိမ်ထောင်စုပေါင်း၏ ၁၀.၇၅%သာရှိပါသည်။ ကျပမ်း ၅၆သည် စိုက်ပျိုးရာသီတွင် အလုပ်အကိုင်အခွင့်အလမ်းပေါ်များပြီး စိုက်ပျိုးရာသီကုန်ပါက ရရာလုပ်ငန်းကို လုပ်ကိုင်ကြရပါသည်။

## (ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု

ကျေးရွာတွင် ဆိုးရွားသည့် ကြီးမားသော သဘာဝဘေးအန္တရာယ် တစ်စုံတစ်ရာ ကြုံတွေ့ ရဖူးခြင်း မရှိသော်လည်း ရာသီဥတု ပြောင်းလဲမှု၏အကျိုးဆက်ကိုကား အပူချိန်တိုးမြင့်လာခြင်းကို သတိပြုခံစားနေရပြီးဖြစ်ပါသည်။ မိုးခေါင်ဖူးခြင်း ချောင်းရေလျှံပြီး တံတားကျိုးကာ သွားလာရ ခက်ခဲခြင်းတို့ကို ကြုံတွေ့ရဘူးပြီး မိုးမိတ်-တွင်းငယ်လမ်းသည် ချောင်းကူးတံတားများစွာရှိပြီး မိုးရာသီတွင် တောင်ကျချောင်းများလျှံပြီး လမ်းပေါ်ရေလျှံခြင်း နှင့် ချောင်းကူတံတားကျိုးခြင်းတို့ကို မကြာခဏကြုံတွေ့ရပါသည်။ သို့သော် တစ်ရွာချင်းအလိုက် ပြုပြင်လေ့ရှိပြီး ကျေးရွာသဘာဝဘေး ကာကွယ်ရေးကော်မတီအဖြစ် အသက်ဝင်လုပ်ဆောင်ထားခြင်း မရှိပါချေ။ လက်ရှိအချိန်တွင် အထနေ့း ဘေးအန္တရာယ်အဖြစ် မိုးကုတ်မြို့ကျောက်တူးကုမ္ပဏီများက ကျောက်တူးပြီး စွန့်ပစ်လိုက်သော မြေစာကျောက်ဖြုန်းအနှစ်များ တောင်ကျချောင်းများတစ်လျှောက် စီးဆင်းလာပြီး အနည်အနှစ်များ ပို့ချမှုကြောင့် ချောင်းကြမ်းပြင်တိမ်လာကာ လယ်၊ ယာများအတွင်း လျှံတက်ပို့ချမှုကြောင့် လယ်ယာ မြေများ ပျက်စီးဆုံးရှုံးမှုများပါသည်။ သဘာဝဘေးကြိုတင်ပြင်ဆင်မှုအနေဖြင့် မီးဘေးအန္တရာယ် ကျရောက်မှုနည်းသော်လည်း အုပ်ချုပ်ရေးမှူးရုံးရှေ့တွင် ဂါလံ၃၀၀၀ဆံ့ မီးသတ်အုတ်ကန် ၁ ကန် တည်ဆောက်ထားပါသည်။ သို့သော် ရေသိုလှောင်ထားခြင်း မရှိပါချေ။ ပသင်ရွာ သံဃာ့အရေးကို အ ကြောင်းပြုပြီး ရွာချင်းပဋိပက္ခအနည်းငယ်ဖြစ်ပွားခဲ့ပြီး တင်းမာမှုများကျန်ရှိနေဆဲ ဖြစ်ပါသည်။

## (င) ဘဏ် နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

စိုက်ပျိုးရေးတောင်သူများသည် မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ်မှ ချေးယူနိုင်သည်။ ထုတ်ချေးသည့်နှုန်းမှာ တစ်ဦးနှင့်တစ်ဦး မြေဧကအပေါ်မူတည်၍ ကွာခြားမှုရှိပါသည်။ အတိုးနှုန်းမှာ တစ်လလျှင် ၁ကျပ်ခွဲ ဖြစ်ပြီး (၆) လပြည့်ပါက အတိုးနှင့်အရင်း တစ်ကြိမ်တည်းပေါင်းပြီး ပြန်လည် ပေးဆပ်ရသည်။ အသက်မွေးဝမ်းကျောင်းချေးငွေကို သမဦးစီးဌာနမှ ဝိုင်းကြီးချုပ်စနစ်ဖြင့် ချေးငွေချထားပေးပြီး သတ်မှတ်ကာလ ၆လတွင် အတိုးနှုန်း ၁ကျပ်၁၅ပြားပေးရကာ ၁သိန်းလျှင် ၁သောင်းကို စုငွေအဖြစ်ထားရှိရသည်ဟုဆိုပါသည်။ ပဲပုတ်စိုက်ပျိုးရန် သီးသန့်ချေးပေးသော သီးနှံပွဲစားများရှိပြီး သီးနှံပေါ်ပေးဖြင့် ၆လအထိယူနိုင်ကာ အတိုးနှုန်းမှာ ၅ကျပ်တိုးဖြစ်ပါသည်။ နီးစပ်ရာဆွေးမျိုး မိတ်ဆွေများထံချေးယူမှုများရှိသော်လည်း အနေအထားပေါ်မူတည်ပြီး အတိုးမယူခြင်းများရှိသကဲ့သို့ အတိုးနှုန်းများစွာယူသူများလည်းရှိပါသည်။ သို့သော် တိကျသေချာသည့် သတင်းအချက်အလက်ရရှိခြင်း မရရှိပါချေ။

## (စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

၁၉၄၈ခု လွတ်လပ်ရေးရပြီးနောက် ပိုင်းကတည်းက မူလတန်းကျောင်းတစ်ခုကို ကိုယ်ထူကိုယ်ထဆောက်လုပ်ခဲ့ပြီး ၂၀၁၁ခုနှစ်တွင်မြေ ၄ ဧကပေါ်တွင် နှစ်ထပ်ကျောင်းဆောင်သစ် ပြန်ဆောက်ခဲ့ပါသည်။ ထူးခြားချက်မှာ ၁၉၉၇တွင် ကျေးရွာစာကြည့်တိုက်ကို တည်ထောင်ဖွင့်လှစ်နိုင်ခဲ့ပြီး ယခုတိုင် ကောင်းမွန်စာလည်ပါတ်နေဆဲဖြစ်ပါသည်။ ဆရာမ ၅ဦးရှိပြီး လက်ရှိနှစ်၏ဆရာ-ကျောင်းသားအချိုးမှာ ၂၂:၂ ဖြစ်ပါသည်။ အလယ်တန်းကျောင်းကို ရွာမှ ၂မိုင်ဝေးသော ညောင်ပင်စောက်ရွာသို့ ဆိုင်ကယ်၊ စက်ဘီး၊ ထော်လာဂျီများဖြင့် သွားရောက်ကြပါသည်။ ကျေးရွာ မူလတန်းကျောင်းတွင် ဘုန်းကြီးကအကူအညီပေးပြီး ကျောင်းထားပေးထားသည့် ပလောင်လူမျိုး ကိုရင်ငယ်အယောက်၄၀၊ သဲကြီးကုန်းမှလာရောက်သည့် ၄ဦး နှင့် ဆွေမျိုးနီးစပ်လာရောက်တက်ရောက်သူ ၄ဦးတို့ဖြစ်ပါသည်။ ဘုန်းကြီးသြဝါဒခံယူပြီး မတတ်နိုင်သည့်မိသားစုများမှ ကလေးများ၏ ကျောင်းစရိတ်ကို ပူးပေါင်းထောက်ပံ့ကြပါသည်။ မိဘ၊ဆရာအသင်းအားကောင်းပြီး ကလေးများအာဟာရဖြည့်အနေဖြင့် ကြာဇံ၊ မုန့်ဟင်းခါးစသည်ဖြင့် ကျွေးမွေးလေ့ရှိပါသည်။

**ကျန်းမာရေးဝန်ဆောင်မှု ကောင်းမွန်ပြီး တိုက်နယ်အဆင့်ဆေးရုံရှိကာ** ကျေးရွာအတွင်း ကျေးလက်ဆေးပေးခန်းမရှိပါ။ မိုးမိတ်နှင့်၄မိုင်ကျော်ခန့်သာဝေးပြီး မိုးမိတ်မြို့ဆေးရုံကိုသာ သွားရောက်ကြပါသည်။

ရွာအတွင်း ရာသီဖျားများသာ ဖြစ်ပွားမှုများသည်ဟုဆိုသော်လည်း မူးယစ်ဆေးဝါးပြဿနာနှင့်နောက်ဆက်တွဲကျန်းမာရေးကိစ္စရပ်များကို အများရှေ့တွင် ပွင့်လင်းစွာဆွေးနွေးနိုင်ခြင်း မရှိသေးပါချေ။ ယင်းအခြေအနေက ကျေးရွာ၏ကျန်းမာရေးဆိုင်ရာထိခိုက်လွယ်မှုကို တိုးမြင့်စေပါသည်။

ရေတွင်း ၃၀၊ အဝီစိတွင်း(တုံကင်) ၈၇တွင်း နှင့် အဝီစိတွင်း(စက်တွင်း) ၁တွင်း နှင့် မိုရေလှောင်ကန်ငယ် ၁ခုရှိကာ ကျေးရွာလူဦးရေနှင့်သောက်သုံးရေလုံလောက်ပါသည်။ ယင်လုံအိမ်သာ ၁၇၉အိမ်

(အခြားအိမ်နှင့်ပေါင်းသုံး ၆အိမ်)၊ ကျင်းအိမ်သာ ၁အိမ်ရှိသဖြင့် အိမ်ခြေနှင့်အိမ်သာအနေအထား ကိုက်ညီပြီး သန့်ရှင်းရေး ကောင်းမွန်ပါသည်။ အမှိုက်စွန့်ပစ်မှုမှာ တစ်အိမ်ထောင်ချင်းစီသာ စီမံခန့်ခွဲပြီး ကျေးရွာအဆင့် သန့်ရှင်းရေးလုပ်ငန်းဆောင်ရွက်ခြင်း မရှိသေးပါချေ။

## (ဆ) လူငယ်နှင့် ယဉ်ကျေးမှု

ကျေးရွာလူငယ်များသည် များသောအားဖြင့် လူငယ်အဖွဲ့တွင်ပါဝင်ကြပြီး သာရေး၊နာရေးများတွင် တက်ကြွစွာပါဝင်လေ့ရှိပါသည်။ ဘုန်းတော်ကြီး၏ ဩဇာဖြင့် ကျေးရွာလူငယ်များသည် စည်းရုံးမှုအားကောင်းပြီး အဓိကမှာ ပညာရေးလုပ်ငန်းဖြစ်သော စာကြည့်တိုက်ကို ကိုယ့်အားကိုယ်ကိုးဖြင့် (အစိုးရထောက်ပံ့ငွေ ၁၀သိန်း+ ကျေးရွာ ၆သိန်း) အားကောင်းစွာလည်ပတ်နေခြင်းဖြစ်ပါသည်။ တစ်ဖက်တွင်လည်း မူးယစ်ဆေးဝါးပြဿနာမှာ လူငယ်ထုတစ်ရပ်လုံးအတွက် ခြိမ်းခြောက်နေသော အရေးကိစ္စဖြစ်ပါသည်။

## (ဇ) အခြေခံ အဆောက်အဦ - (လက်လှမ်းမှီ ရယူမှု)၊ လမ်း၊လျှပ်စစ်စွမ်းအား၊သတင်းနှင့်ဆက်သွယ်ရေး

တောင်ကိုင်းရွာတွင်းလမ်း ၃လမ်း (မြေသားလမ်း)နှင့်ချဉ်းကပ်လမ်း၁လမ်း(ကျောက် ခင်းလမ်း) ရှိကာ တစ်နှစ်ပါတ်လုံး သုံးစွဲနိုင်ပါသည်။ ကျေးရွာသုသာန်သို့သွားသောလမ်း ၁လမ်းရှိသေးပြီး မြေသားလမ်းအမျိုးအစား လမ်းတိုသာဖြစ်ပြီး အသုံးပြုမှုနည်းပါသည်။ မိုးမိတ်-တွင်းငယ်လမ်းသည် ရွာကို ၃ချိုး၂ချိုးပုံစံဖြင့် ဖြတ်သွားသဖြင့် လမ်းများအနေအထားကောင်းပြီး မိုးမိတ်နှင့်၄မိုင်ကျော်ခန့်သာဝေးသဖြင့် ဆက်သွယ်သွားလာရလွယ်ကူပါသည်။ ရွာအဝင် ဝါးပိုးချောင်းကူးတံတားရှိပြီး ရွာအတွင်းမြောင်းကူးတံတားငယ် ၅ ခုရှိကာ ၂၀၁၄/၂၀၁၅ ခုနှစ်တွင် အားလုံးပြန်လည်ပြင်ဆင်ပြီးစီးပါသည်။

ဆိုလာပြားဖြင့် လျှပ်စစ်ဓါတ်အားကို တစ်အိမ်ထောင်ချင်းသုံးစွဲပြီး စုစုပေါင်း ၁၅၅အိမ်ထောင်စုရှိပြီး ဒီဇယ်အင်ဂျင်ကို လုပ်ငန်းနှင့်တွဲဖက်အသုံးပြုသည်အိမ်ထောင်စုပေါင်း ၂၄အိမ် ရှိပါသည်။ သို့သော် စုစုပေါင်းအားဖြင့် ၁၅၅အိမ်ဖြစ်သဖြင့် ၃၁အိမ်မီးမရရှိသေးပါချေ။

တယ်လီဖုန်းအရေအတွက် (မိုဘိုင်းဖုန်း-ဂျီအက်စ်အမ်) ၁၄၇ လုံးရှိပြီး လူငယ်များက အသုံးပြုမှုများပါသည်။ ဌာနများဖြင့် ဆက်သွယ်ရေးကို ကျေးရွာအုပ်ချုပ်ရေးမှူးက တာဝန်ခံ ဆက်သွယ်ဆောင်ရွက်ပြီး စလောင်းများ၊ မိုဘိုင်းဖုန်းအင်တာနက်များဖြင့် တစ်ဦးချင်းအထူးသဖြင့် လူငယ်များက သတင်းအချက်အလက်များ ရယူကြပါသည်။ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဒို့ကျေးရွာဂျာနယ်ကို ရွာများထိရောက်အောင် ဖြန့်ဝေပေးပါသည်။

## (ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး

တောင်ကိုင်းရွာသည် သာမန်အားဖြင့် ပဋိပက္ခမရှိပဲ ငြိမ်းချမ်းပါသည်။ ပသင်ရွာ သံဃာ့အရေးကို အကြောင်းပြုပြီး ရွာချင်းပဋိပက္ခအနည်းငယ်ဖြစ်ပွားခဲ့ပြီး တင်းမာမှုများ ကျန်ရှိနေဆဲဖြစ်ပါသည်။ လွန်ခဲ့သောနှစ်များက ရွှေလီမြစ်အနီး တရုတ်နယ်နိမိတ်နှင့်ဆက်စပ်ပြီး သစ်ကွင်းမှ သစ်ထုတ်လုပ်ရေး

တွင် သွားရောက်လုပ်ကိုင်ကြရာ တရုတ်သစ်ထုတ်လုပ်ငန်းရှင်က အပင်ပန်းခံနိုင်ရန်ဟုဆိုကာ ဆေးပြားများကျွေးရာမှ ဆေးစွဲပြီး သစ်ကွင်းအလုပ်မရှိတော့သောအခါ ကျေးရွာအတွင်း ဆေးစွဲမှုကြောင့်ဖြစ်သော နောက်ဆက်တွဲ လူမှုစီးပွားမတည်ငြိမ်မှုများ ကြုံတွေ့နေရပါသည်။ ဘာသာ၊ ယဉ်ကျေးမှု အားကောင်းနေဆဲဖြစ်ခြင်းကြောင့် ဝိုင်းဝန်းထိန်းသိမ်း လုပ်ဆောင်နေသော်လည်း ဆေးပြားများ အလွယ်တကူဝယ်ယူ ရရှိနေခြင်းသည် ကျေးရွာ၏ စိုးရိမ်မှုကို မြင့်တက်စေပါသည်။

## ၅။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေများ၊ အဟန့်အတားများ နှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

ကျေးရွာဖွံ့ဖြိုးတိုးတက်လာရေးအတွက် ကျေးရွာလူထု၏ ဖွံ့ဖြိုးရေးအမြင်များ တိုးတက်လာစေရန် လုပ်ဆောင်ပေးနိုင်မှုနှင့် တက်ကြွစွာပူပေါင်းပါဝင်လာစေရန် ဦးစီးဆောင်ရွက်နိုင်မှုတို့မှာ အဓိကအချက်များ ဖြစ်ပါသည်။ ထို့ကြောင့် ယင်းအဓိကအချက်ကို ဖော်ဆောင်နိုင်မည့်နည်းလမ်း သို့မဟုတ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး မဟာဗျူဟာရှိထားရန် အရေးကြီးပါသည်။ ကျေးရွာအတွင်း လက်ရှိ ဖွံ့ဖြိုးရေးအခြေအနေ၊ ကြုံတွေ့နေရသော အခက်အခဲနှင့် စိန်ခေါ်ချက်များ၊ နောင်လိုလားအပ်သည့် ဖွံ့ဖြိုးတိုးတက်မှု၊ ယင်းဖွံ့ဖြိုးတိုးတက်မှုကို မည်သို့မည်ပုံ ဖော်ဆောင်မည် စသည့်တို့ သည်ပင် ဖွံ့ဖြိုးရေးဗျူဟာအတွင်း ကြောင်းကျိုးဆက်စပ် ပါဝင်ရမည် ဖြစ်ပါသည်။

### (က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ

တောင်ကိုင်းကျေးရွာ၏အဓိကအားသာချက်မှာ မိုးမိတ်-တွင်းငယ်လမ်းပေါ် မိုးမိတ်မှ ၄မိုင်အကွာ အနောက်တောင်အရပ်တွင်ရှိပြီး ကားလမ်းမနှင့်ကင့်နွယ်ချောင်းသည် ကျေးရွာကို လေးချိုး၊တစ်ချိုးတွင် ၂နေရာ ဖြစ်သွားပါသည်။ ယင်းသို့ဖြတ်သန်းခြင်းကြောင့် ကျေးရွာအတွက် စိုက်ပျိုးရေကိုလွယ်ကူစွာ လက်လှမ်းမီရရှိစေသကဲ့သို့ မိုးမိတ်-တွင်းငယ်လမ်းကိုလည်း လက်လှမ်းမီသုံးစွဲနိုင်ပါသည်။ ကျေးရွာ၏ အရေးကိစ္စများကို စုပေါင်းဖြေရှင်းသည့် အလေ့အထအားကောင်းပါသည်။ ကျေးရွာဘုံစပါးကို အိမ်ထောင်စုတိုင်း ပါဝင်စိုက်ပျိုးပေးကြပြီး ရွာကို၂၀၁၁ခုနှစ်တွင် စံပြကျေးရွာအဖြစ်သတ်မှတ်ခံရသည်အထိ စည်းလုံးမှုအားကောင်းပါသည်။ ၂၀၁၁ခုနှစ်တွင် အစိုးရက အခွန်လွတ်ဈေးကို ရွာထိပ်တွင်စီမံချက်ချလုပ်ကိုင်ပေးခဲ့သောသာဓကေ ရှိခဲ့ဖူးသောကြောင့် ကျေးရွာသည် အစိုးရဌာနများဖြင့် ကောင်းစွာ ချိတ်ဆက်ပြီး ဝန်ဆောင်မှုများ ရယူတတ်သောအလေ့အထလည်း ရှိပါသည်။ ကျေးရွာ၏ လက်ရှိ ကျောင်းထိုင်ဘုန်းကြီးသည် မြို့နယ်သံဃာ့မဟာနာယက ဥက္ကဌဖြစ်ပြီး ရွာကိုသြဇာလွှမ်းမိုးနိုင်သည့် အပြင် အထူးသဖြင့် ပညာရေးကို အားပေးသောကြောင့် ရွာအတွက် ရေရှည်အကျိုးဖြစ်ထွန်းစေမည့် ပညာရေးတွင်အားပေးထောက် ပံ့ကြခြင်းသည် အားကောင်းသော အခြေအနေကောင်းတစ်ခုဖြစ်ပါသည်။

### (ခ) အဟန့်အတားနှင့် စိန်ခေါ်မှုများ

တောင်ကိုင်းရွာ ဖွံ့ဖြိုးရေးအတွက် အဟန့်အတားဖြစ်စေသည့်အဓိကအချက်မှာ ရာသီဥတု ပြောင်းလဲမှုအကျိုးဆက် (ဥပမာ- မိုးခေါင်ခြင်း) နှင့် ကျောက်တူးမြေစာဖြုန်းအနှစ်များကြောင့် လယ်ပျက်စီးခြင်း သီးနှံပျက်စီးရခြင်းများခံစားနေရသော်လည်း စုစည်းတုံ့ပြန်ရန် အားနည်းနေခြင်း ဖြစ်ပါသည်။ ၃နှစ်ဆက်တိုက် မိုးဦးနောက်ကျခြင်းကြောင့် ယခုအခါနွေရာသီတွင် စိုက်ပျိုးရေ မလုံလောက်တော့ပဲ ဖြေရှင်းနိုင်ခြင်းမရှိသေးပါချေ။ လွယ်ဆာဝွေ့မော်ချောင်းမှ စိုက်ပျိုးရေမလုံ လောက်မှုကို ဖြည့်ဆည်းပေးနိုင်သော်လည်း သက်ဆိုင်ရာရွာများအကြားညှိနှိုင်းရန် တစ်ရွာတည်း အားဖြင့် မလုပ်နိုင်ချေ။ ရွာတွင်း၌ လာဂယ်သော စပါးပွဲစားများကိုသာ မှီခိုလွန်းခြင်းသည် ဈေးနှုန်းကို ထိန်းချုပ်နိုင်မှုနှင့် ဈေးကွက်လက် လှမ်းမီမှုအားနည်းစေပါသည်။

## ၆။ ကျေးရွာ ဖွံ့ဖြိုးရေးပန်းတိုင် နှင့် ဗျူဟာ

ကျွန်ုပ်တို့ ကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်ပန်းတိုင်မှာ ယေဘုယျအားဖြင့် လူမှု စီးပွားဘဝဖွံ့ဖြိုးတိုးတက်သာယာရေး ဖြစ်ပါသည်။ ထို့ကြောင့်ပင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ကွင်းဆင်းအဖွဲ့ဖြင့် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲကြသောအခါ လူထု ပူးပေါင်း ဖော်ထုတ်သော နည်းလမ်းများဖြင့် အဆိုပါ ရည်မှန်းချက်ပန်းတိုင်နှင့် ယင်းပန်းတိုင်ရောက်ရှိရေး အကော်အထည်ဖော်ရမည့် နည်းဗျူဟာများကို ဆွေးနွေးဖော်ထုတ် ထားခဲ့ကြပါသည်။

### (က) ရည်မှန်းချက် ပန်းတိုင်

ကျေးလက်ဒေသဖွံ့ဖြိုးရေး ပန်းတိုင်များတွင် ကျေးရွာသူ/ကျေးရွာသားများ ဝင်ငွေတိုးတက်ရေး၊ တစ်ဦးချင်းစွမ်းရည် တိုးတက်ရေးနှင့် ပညာရေးကို အလေးထားပြီး ကလေးများနှင့် လူငယ်များ အတွက် လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေမည့် ရည်မှန်းချက်များကိုလည်း အောက်ပါအတိုင်း ရိုးရှင်းစွာ ချမှတ်ထားပါသည်။

(၁) စိုက်ပျိုးရေးကဏ္ဍတွင် သက်ဆိုင်ရာဂန်ဆောင်မှုပေးနိုင်သည့်ဌာနများ၊ကုမ္ပဏီများဖြင့် ချိတ်ဆက်ပြီး စက်မှုကိရိယာများကို အရစ်ကျဂယ်ယူနိုင်ရန် စီစဉ်ပေးခြင်းအားဖြင့် ကျေးရွာ၏ စိုက်ပျိုးထုတ်လုပ်မှု ပိုမိုတိုးတက်လာစေရန်

(၂) စိုက်ပျိုးရေပိုမိုလုံလောက်စွာရရှိစေရန် သက်ဆိုင်ရာကျေးရွာများဖြင့်ညှိနှိုင်းဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာ၏ သီးနှံထုတ်လုပ်မှုအားကောင်းစေရန်

(၃) ကျေးရွာ၏ဖွံ့ဖြိုးရေးစီမံခန့်ခွဲမှုနှင့် အုပ်ချုပ်ရေးကို ပိုမိုပွင့်လင်းခိုင်မာအားကောင်းစေရန်

(၄) မူးယစ်ဆေးဝါး၏ဆိုးကျိုးများကို ပိုမိုသိရှိနားလည်လာစေပြီး လူမှုစီးပွား အကျိုးသက်ရောက်မှု များ လျော့ကျစေရန် နှင့် ကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍ ပိုမိုတိုးတက်လာစေရန်

**(ခ) နည်းဗျူဟာ**

လက်တွေ့ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များနှင့် စီမံကိန်းများကို အောက်ဖော်ပြပါ အကောင်အထည်ဖော်ရေး နည်းဗျူဟာများကိုကျင့်သုံး၍ စနစ်တကျ ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာ၏ ဖွံ့ဖြိုးရေး ရည်မှန်းချက်များကို ရောက်ရှိမည်ဟု ယုံကြည်ပါသည်။

ကျေးရွာအတွင်း ကဏ္ဍအလိုက်ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ကျေးရွာအုပ်ချုပ်ရေး၊ ဖွဲ့စည်းထားရှိပြီးဖြစ်သော ကျေးရွာဖွံ့ဖြိုးမှုကော်မတီတို့က သက်ဆိုင်ရာဌာနများဖြင့် သက်ဆိုင်ရာကဏ္ဍအလိုက် ချိတ်ဆက်ကြမည်ဖြစ်ပါသည်။ ယင်းကော်မတီအနေဖြင့် ကျေးရွာအတွင်းရှိ သက်ဆိုင်ရာ ကျေးရွာအခြေပြုအဖွဲ့အစည်းများဖြင့် တွဲဖက်ကာ သင့်လျော်သည့် ကျေးရွာသူ၊ ကျေးရွာသားများ ပူးပေါင်းပါဝင်နိုင်မည့်အချိန်များကို ဖော်ထုတ်သတ်မှတ်ကာ ဖွံ့ဖြိုးရေးစီမံကိန်း များကိုရေးဆွဲခြင်း၊ ကြီးကြပ်အကောင်အထည်ဖော်ခြင်း၊ ကျေးရွာလူထုသို့ စီမံကိန်းအကောင် ထည်ဖော်မှုအခြေအနေများကို စာရင်းဇယားနှင့်တကွတင်ပြခြင်း၊ အမေးအဖြေပြုခြင်းများဖြင့် ဆက်လက်တိုးတက်လုပ်ကိုင်မည်ဖြစ်သည်။

သက်ဆိုင်ရာ ဦးစားပေးကဏ္ဍများဖြစ်သော စီမံအုပ်ချုပ်မှုကဏ္ဍ၊ စိုက်ပျိုးရေးကဏ္ဍ၊ အသက်မွေးဝမ်းကျောင်းဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍ၊ ပညာရေး ကဏ္ဍ၊ လူငယ်၊ ယဉ်ကျေးမှုနှင့် အမျိုးသမီးကဏ္ဍ စသည်တို့ကို အမှန်တကယ်ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် နည်းပညာများရရှိလက်လှမ်းမီရန်နှင့် အထောက်အပံ့များရရှိစေရန် သက်ဆိုင်ရာဌာနများ၏ ချိတ်ဆက်ပံ့ပိုးပေးမှုများ အလွန်လိုအပ်ပါသည်။ ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနနှင့် မိုးမိတ်မြို့နယ်ဌာ များ၊ အထက် ခရိုင်၊ ပြည်နယ်နှင့်တိုင်း၊ ပြည်ထောင်စုအဆင့်မူဝါဒများဖြင့် ချိတ်ဆက်မိမိ ဟန်ချက် ညီညီ အကောင်ထည်ဖော်နိုင်ရန် လိုအပ်ပါသည်။

(က) ရှိပြီးဖြစ်သော အခြေခံကောင်းများဖြစ်သည့် အစိုးရဌာနများဖြင့်ချိတ်ဆက်ကာဝန်ဆောင်မှုရယူခြင်း၊ စံပြကျေးရွာဖြစ်ခြင်းတိုကို အမှီပြုပြီး ကျေးရွာဖွံ့ဖြိုးရေးကို ပိုမိုပွင့်လင်းမြင်သာစွာနှင့်တာဝန်ခံယူမှု ရှိစွာ စီမံခန့်ခွဲနိုင်ရေး စွမ်းဆောင်ရည်မြှင့်တင်ခြင်း

(ခ) စိုက်ပျိုးမွေးမြူရေးကဏ္ဍတွင် သက်ဆိုင်ရာဌာနများဖြင့် ပိုမိုတိုးမြှင့်ချိတ်ဆက်ပြီး ဝန်ဆောင်မှုနှင့် နည်းပညာများ ပိုမိုရယူနိုင်ခြင်းအားဖြင့် ကျေးရွာစိုက်ပျိုးမွေးမြူရေးကဏ္ဍနှင့် ဆက်စပ်အသက်မွေးဝမ်းကျောင်းအခွင့်အလမ်းများ ပိုမိုရရှိလာစေရန်ဆောင်ရွက်ခြင်း

(ဂ) ဈေးကွက်လက်လှမ်းမီမှုကို ပိုမိုမြင့်တင်ခြင်းနှင့် ငွေကြေးအရင်းအနှီး (သို့မဟုတ်) ချေးငွေ လက်လှမ်းမီစေရန် ကြိုးပမ်းအားထုတ်ခြင်းအားဖြင့် ကျေးရွာ၏ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ ဖြစ်စေခြင်း

(ဃ) ကျေးရွာ၏သိသာထင်ရှားသည့် လိုအပ်ချက်တစ်ရပ်ဖြစ်သော ကျန်းမာရေးကဏ္ဍအတွက် ကျေးလက်ဆေးပေးခန်း တစ်ခု သို့မဟုတ် ကျန်းမာရေးဝန်ထမ်းရရှိနိုင်ရန်ဆောင်ရွက်ခြင်း

(ဃ) ပညာရေးကဏ္ဍကိုလက်ရှိတွင်လည်း ဘုန်းကြီး၏ဦးဆောင်မှုဖြင့် ရွာကတတ်နိုင်သမျှထောက်ပံ့ထားခြင်းကို သက်ဆိုင်ရာဌာနဖြစ်သော ပညာရေးဌာနဖြင့်ချိတ်ဆက်ပြီး အထောက်အပံ့ အကူအညီ လိုအပ်သော ကလေးငယ်များအတွက် ရေရှည်ပံ့ပိုးပေးနိုင်ရန်ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာအတွင်း လူ့စွမ်း အားအရင်းအမြစ်ကို ဖွံ့ဖြိုးစေခြင်း

(င) လူငယ်များအတွက် ဘာသာရေး၊လူမှုရေးနှင့်ယဉ်ကျေးမှုတို့အပြင် ကျေးရွာဖွံ့ဖြိုးရေးကိစ္စများတွင် ပိုမိုပူးပေါင်းပါဝင်စေခြင်းအားဖြင့် မူးယစ်ဆေးစွဲမှုမှလျော့ချပြီး ပြန်လည်ထူထောင်နိုင်စေခြင်းအားဖြင့် ကျေးရွာစည်းလုံးခိုင်မာမှုအားကောင်းစေမည်ဖြစ်ပါသည်။

## ၇။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကိစ္စရပ်များနှင့် ဗဟိုအဆင့်မူဝါဒများအကြား အစီအစဉ် ကျသော ချိတ်ဆက်မှုများ

အစိုးရ၏မူဝါဒနှင့် လုပ်ငန်းအစီအစဉ်တို့ကို ရင်းနှီးကျွမ်းဝင်ပြီးသော အစိုးရဌာနဆိုင်ရာ များနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာ အကြံပေးအဖွဲ့တို့၏ အကြံပြုချက်အရ ဤအခန်းကို ပြုစုဖော်ပြထားပါသည်။ ဖော်ပြပါ အဖွဲ့အစည်းများသည် ကျွန်ုပ်တို့ ကျေးရွာ၏ လိုအပ်ချက်များအား နိုင်ငံတော်အဆင့်မှသည် ဒေသဆိုင်ရာအဆင့်၊ ထိုမှတစ်ဆင့် ကျွန်ုပ်တို့ကျေးရွာ အဆင့်ထိ ပံ့ပိုးမှုပေးနိုင်မည့် အစိုးရဌာနများနှင့် အဖွဲ့အစည်းများကို အကြံပြု ဖော်ထုတ်ပေးနိုင် ခဲ့ကြပါသည်။

### (က) ကျေးရွာဖွံ့ဖြိုးရေး ရည်မှန်းချက် ရေးဆွဲခြင်းနှင့် ပုံမှန်စိစစ်ခြင်း

ဤကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲနိုင်ရန် နည်းပညာအထောက်အပံ့များ ပံ့ပိုးပေးမှုသည် အလွန်အရေးပါ ပါသည်။ အနာဂတ်တွင်လည်း ရေရှည်တည်တံ့မည့် အထောက်အပံ့များကို နိုင်ငံတော်အစိုးရထံမှ ရရှိမည်ဟု မျှော်လင့်ပါသည်။ ကျွန်ုပ်တို့ကျေးရွာသူ/သားများ ကိုယ်တိုင် အားထုတ် လုပ်ကိုင်ရရှိခဲ့မှုများကို ပြန်လည်စီစစ်ခြင်းနှင့် ရွေးချယ်ခဲ့သော ဦးစားပေး စီမံချက် များအား အချိန်မှန် ပြန်လည်သုံးသပ်၍ ပြုပြင်ရေးဆွဲခြင်း စသည်တို့ ဆောင်ရွက်နိုင်ရန် အကူအညီ များ ဆက်လက် ရရှိမည်ဟု မျှော်လင့်ပါသည်။

### (ခ) စိုက်ပျိုးရေး၊သစ်တော၊လယ်ယာမြေစီမံခန့်ခွဲရေးစာရင်းအင်းနှင့်ဆည်မြောင်းဦးစီးဌာနများ

ကျေးရွာ၏အခက်အခဲတစ်ရပ် ဖြစ်လာနေသော တောင်ကျချောင်းများအတွင်း မိုးကုတ်ကျောက်တူးမြေစာများကြောင့် လယ်ယာမြေနှင့်သီးနှံများပျက်စီးခြင်းကို ဖြေရှင်းရန်နှင့် စိုက်ပျိုးရေးပိုမိုလုံလောက်စွာရရှိနိုင်ရေး ဖြေရှင်းနိုင်ရန်အတွက် သက်ဆိုင်ရာဌာနများဖြစ်သော စိုက်ပျိုးရေး၊သစ်တော၊

လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းနှင့်ဆည်မြောင်းဦးစီးဌာနများသို့ ချိတ်ဆက်အဆိုပြုတင်ပြမည်ဖြစ်ပါသည်။ အုပ်ချုပ်ရေးဌာန၏ ဦးဆောင်ညှိနှိုင်းပေးမှုဖြင့် ကျေးရွာအုပ်ချုပ်ရေး၊ ဖွံ့ဖြိုးရေးကော်မတီတို့က အခြားသက်ဆိုင်သည့် ကျေးရွာများဖြင့် ညှိနှိုင်းအားထုတ်မည်ဖြစ်ပါသည်။ ထို့ပြင် ကျေးရွာအတွက် စိုက်ပျိုးရေအခက်အခဲကိုဖြေရှင်းနိုင်ရန် ဝေ့မော်ချောင်းမှရေရယူခြင်းကို သက်ဆိုင်ရာကျေးရွာများဖြင့် စုစည်းပြီး ဌာနသို့တင်ပြချိတ်ဆက်လုပ်ဆောင်ရမည်ဖြစ်ပါသည်။

### (ဂ) ငွေရေးကြေးရေးနှင့်ဘဏ်လုပ်ငန်းများ

ဘဏ်လုပ်ငန်းများကိုလည်း ဆင်းရဲတောင်သူ၊ အလယ်အလတ်တောင်သူနှင့် တောင်သူကြီးများအတွက် လိုအပ်သောချေးငွေရရှိရန် ပြုပြင်ပြောင်းလဲဖွဲ့စည်းသင့်သည်။ အထူးသဖြင့် လယ်သမားနှင့် အသေးစားလုပ်ငန်းရှင်များသည် စိုက်ပျိုးရေးနှင့် အသေးစားစီးပွားရေးလုပ်ငန်းများအတွက် အထိုက်အလျောက်များပြားသည့် ချေးငွေလိုအပ်ပါသည်။ ငွေချေးယူမည့် ကျေးရွာသားများကို စွမ်းဆောင်ရည်မြှင့်တင်ပေးရန် လိုအပ်ပါသည်။ ငွေချေးလိုသူဘက်မှ ဘဏ်သို့အဆိုပြုလွှာတင်နိုင်ရန်အတွက် အထောက်အထားမှတ်တမ်းမှတ်ရာများ ပြုစုထားရှိရန်နှင့် ကျေးရွာအခြေပြု ငွေစုငွေချေးလုပ်ငန်းကို ခိုင်မာအားကောင်းအောင် ဆောင်ရွက်ထားရပါမည်။ သို့မှသာ ငွေကြေးဝန်ဆောင်မှုပေးသော ဘဏ်များနှင့် ချိတ်ဆက်မိပြီး ကျေးရွာငွေစုငွေချေးလုပ်ငန်းအတွက် ရင်းနှီးမြုပ်နှံငွေပိုအားကောင်းလာမည်ဖြစ်သည်။

### (ဃ) အလက်အသေးစားစက်မှုလက်မှုလုပ်ငန်းများဆိုင်ရာအထောက်အပံ့

အသေးစားစက်မှုလုပ်ငန်းများကို ဒေသတွင်းလိုအပ်သော ဝန်ဆောင်မှုလုပ်ငန်းများဖြင့် ချိတ်ဆက်ကာ ထောက်ပံ့ပေးပါက လူမှုစီးပွားဖွံ့ဖြိုးလာမည်ဖြစ်ပါသည်။ လက်ရှိအခြေအနေတွင်မူ ကျေးရွာအနေဖြင့် ယင်းအထောက်အပံ့များကို လက်လှမ်းမီနိုင်ခြင်းမရှိသေးပါချေ။ အမျိုးသမီးအနည်းငယ်ကမူ စက်ချုပ်လုပ်ငန်းကို စိတ်ပါဝင်စားမှုရှိကြပြီး အခြားသီးနှံထုတ်လုပ်မှုနှင့် ဆက်စပ်သော တစ်နိုင်စက်မှုလုပ်ငန်းများ ဥပမာ- ပြောင်း နှင့် အာလူးကို အသင့်စားသုံးနိုင်သော ထုတ်ကုန်တစ်မျိုးမျိုးအဖြစ် ပြောင်းလဲထုတ် လုပ်ခြင်းမျိုးဖြစ်ပါသည်။ ယင်းက တန်ဖိုးပြောင်းလဲမှုကို ဖော်ဆောင်ပေးနိုင်သည်ဖြစ်သောကြောင့် ဒေသလူမှုစီးပွားဈေးကွက်တစ်ခု ပေါ်ထွန်းလာစေနိုင်ပါသည်။

ယင်းကို မူဝါဒအထောက်အပံ့အဖြစ် သက်ဆိုင်ရာအထက်အဆင့်များက ချိတ်ဆက်ကူညီနိုင်ရန်အရေးကြီးပါသည်။ အသေးစားချေးငွေလုပ်ငန်းကိုဆောင်ရွက်ရာတွင် အဓိကဖော်ထုတ်သောစိန်ခေါ်ချက်မှာ အသက်မွေးဝမ်းကျောင်းလုပ်ငန်းရှားပါးခြင်း ဖြစ်ပါသည်။ ဝင်ငွေရလုပ်ငန်းမရှိဘဲ မည်သည့်အစီအစဉ်ဖြင့် ငွေချေးသည်ဖြစ်စေ အလုပ်မလုပ်နိုင်ခြင်းကြောင့် ဝင်ငွေမရတော့ဘဲ ပြန်မဆပ်နိုင်လျှင် တိုးရင်းပေါင်းဆင့်ကာ အခြေအနေပိုမိုဆိုးရွားသွားစေနိုင်ပါသည်။ ထို့ကြောင့် နိုင်ငံတော်အနေဖြင့် ချေးငွေအစီအစဉ်များကို အသက်မွေးဝမ်းကျောင်း အခွင့်အလမ်းဖန်တီးခြင်းဖြင့် ချိတ်ဆက်အကောင်ထည်ဖော်ရန်လိုပါသည်။ ထို့ပြင် အသက်မွေးဝမ်းကျောင်း အခွင့်အလမ်းဖန်တီးခြင်းသည် ကျေးရွာများအလိုက် ပြောင်းလဲလုပ်ကိုင်ရန်လိုအပ်သောလုပ်ငန်းများ၊ ဖွံ့ဖြိုးတိုးတက်လာဖွယ်ရှိသော

ဝန်ဆောင်မှုလုပ်ငန်းများ စသည်တို့အတွက် လိုအပ်သော ကျွမ်းကျင်မှုအသစ်များအလိုက် စွမ်းဆောင်ရည်မြှင့်တင်ခြင်းများဖြင့် ချိတ်ဆက်ရန်လိုအပ်ပါသည်။

**(င) ပညာရေး၊ကျန်းမာရေးဌာနများ**

ကျေးရွာ၏ လူသားရင်းမြစ်ဖွံ့ဖြိုးမှုကို ပိုမိုရင်းနှီးမြှုပ်နှံခြင်းအားဖြင့် တောင်ကိုင်းရွာအတွက် ပိုမိုအကျိုး ဖြစ်ထွန်းစေနိုင်ပါသည်။ လက်ရှိတွင် ဝန်ထမ်းများ ၂၀ဦးထိရှိလာပြီး ကျပမ်းမိသားစုမှပင် ပညာတတ်ဝန်ထမ်းထွက်ပေါ်လာခြင်းသည် ကျေးရွာအနာဂတ်အတွက် အင်အားဖြစ်စေပါသည်။ ထို့အတူ ကျန်းမာရေးကဏ္ဍတွင် မိုးမိတ်နှင့်နီးခြင်းက အားသာချက်ဖြစ်သော်လည်း ကျေးရွာအတွင်း ကျေးလက်ဆေးပေးခန်း သို့မဟုတ် အနည်းဆုံးအားဖြင့် ကိုယ်ဝန်ဆောင်နှင့်ကလေးငယ်များကို စောင့်ရှောက်နိုင်ရေး ကျန်းမာရေးဝန်ထမ်း ၁ဦး ရရှိနိုင်ရေးအတွက် သက်ဆိုင်ရာဌာနများဖြစ်သော ပညာရေး၊ ကျန်းမာရေးဌာနများဖြင့် ချိတ်ဆက်ဆောင်ရွက်မည်ဖြစ်ပါသည်။

## ၈။ ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော် ဆောင်ရွက်မည့် အချိန်ကာလ

စီမံချက်များသည် ဖွံ့ဖြိုးရေးလုပ်ငန်းများကို လက်တွေ့ အကောင်အထည်ဖော်စေနိုင်မည့် နည်းဗျူဟာများအဖြစ်သို့ ရောက်ရှိအောင် အောက်ခြေအထိ လုပ်ကိုင်ဆောင်ရွက်ရမည် ဖြစ်ပါသည်။ စီမံကိန်း ငါးနှစ်တာကာလ ကျော်လွန်ချိန်တွင် ဖော်ပြပါပန်းတိုင်များကို ပြီးမြောက်အောင် ဆောင်ရွက်နိုင်ရန် စီမံချက်များသည် ဖွံ့ဖြိုးရေး လိုအပ်ချက်များအဖြစ် မရှိမဖြစ် လိုအပ်ပါမည်။

**(က) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်နှင့် ဘဏ္ဍာငွေသုံးစွဲရေးအစီအစဉ်**

ကျေးရွာလူထုသည် ငါးနှစ်တာအတွက် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲချိန်တွင် စိစစ်ရွေးချယ်ထားသည့် ဦးစားပေးစီမံချက်များမှာ ပြည့်စုံလုံလောက်နိုင်မည် မဟုတ်သေးပေ။ သို့ဖြစ်၍ ကျေးရွာလူထုသည် စီမံချက် များကို အကောင်အထည်ဖော်မှု (၂-၃) နှစ် ကျော်လာချိန်တွင် စီမံကိန်း ငါးနှစ်တာကာလအတွင်း ဦးစားပေးလုပ်ငန်းများ ထပ်မံဖော်ထုတ်ပြီးလုပ်ဆောင်ရန် လိုအပ်လာ ပါမည်။ ဆိုးရွားသော သဘာဝဘေးအန္တရာယ် သက်ရောက်မှုများမရှိခဲ့လျှင် ငါးနှစ်တာဖွံ့ဖြိုးရေး နည်းဗျူဟာသည် အနည်းနှင့်အများပြောင်းလဲမှုရှိမည် မဟုတ်သော်လည်း စီမံကိန်းငါးနှစ်တာ အတွင်း ထပ်တိုး စီမံချက်များအား ရှိလာနိုင်ပါသည်။

ထို့ကြောင့် ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် နှစ်အလိုက် ဘဏ္ဍာရေးနှင့် ငွေကြေးစီမံမှု ဆိုင်ရာ ရွေးချယ်ခြင်း၊ အစီအစဉ်နှင့် စီမံချက်များအား ပြုပြင်မွမ်းမံနိုင်ခြင်းတို့ကို ပြုပြင်ရ လွယ်ကူစေရန် ဦးတည်ပါသည်။ ဒေသတွင်းဖြစ်ပေါ်လာသော ဖွံ့ဖြိုးရေးလိုအပ်ချက်၊ သဘာဝ ဘေးအန္တရာယ်၊ အခြားအရေးပေါ်ကိစ္စများနှင့် အစိုးရဘတ်ဂျက်များအပေါ် မူတည်၍ ဦးစားပေး အစီအစဉ်များကို ပြောင်းလဲရန် ဖြစ်ပါသည်။ သို့ဖြစ်၍ ကျွန်ုပ်တို့ ငါးနှစ်တာအတွက် ရေးဆွဲထားသော ဖွံ့ဖြိုးရေးရည်မှန်းချက်မူဘောင်တွင်

နှစ်အလိုက်အကောင်အထည်ဖော်ဆောင်ရွက်မည့် **နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်**ကို ပြင်ဆင်ရမည် ဖြစ်ပါသည်။

**(ခ) ကဏ္ဍနှင့် ရင်းနှီးမြှုပ်နှံမှုကို အခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်း**

အစီအစဉ်နှင့် စီမံချက်များအား ကဏ္ဍနှင့် ရင်းနှီးမြှုပ်နှံမှုကိုအခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်းသည် စီမံကိန်းဆိုင်ရာ အချက်အလက်များ ခွဲခြမ်းသုံးသပ်ရာတွင် များစွာအထောက်အကူပြုပါမည်။ Functional classification သည် ဝန်ကြီးဌာန၊ ဦးစီးဌာနများအတွက် ၎င်းတို့နှင့် သက်ဆိုင်သော စီမံချက်များကို သိရှိနားလည်ရန် အထောက်အကူပြုပါမည်။ Economic classification သည် စီမံချက်များ၏ အကျိုးရလဒ် ဖြစ်ထွန်းမှုများအား အကဲဖြတ်သုံးသပ်ခြင်း လုပ်ငန်းများ ဆောင်ရွက်ရေးအတွက် လိုအပ်ပါသည်။

**ကဏ္ဍကိုအခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်း (Functional Classification)**

ဆောင်ရွက်မည့်စီမံချက်နှင့် စီမံချက်ဘတ်ဂျက်သည် (က) မည်သည့် ကဏ္ဍအောက်တွင် (ဥပမာ - စိုက်ပျိုးရေး၊ လျှပ်စစ်ကဏ္ဍ စသည်)၊ (ခ) မည်သည့်ဝန်ကြီးဌာနနှင့်သက်ဆိုင်သည် စသည်ဖြင့် ခွဲခြားသတ်မှတ်နည်း ဖြစ်ပါ သည်။

**ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကို အခြေခံ၍ အုပ်စုသတ်မှတ်ခြင်း (Economic Classification)**

စီမံချက်ဘတ်ဂျက်အမျိုးအစားသည် မည်သည့်ရင်းနှီးမြှုပ်နှံမှု အမျိုးအစား ဖြစ်သည်ကို ဖော်ပြခြင်း ဖြစ်ပါသည်။

(၁) ငွေလုံးငွေရင်း အသုံးစရိတ် (Capital Investment) ဥပမာ–ဆောက်လုပ်ရေး ပစ္စည်းများနှင့် ပုံသေဝယ်ယူ၍ရသော ရင်းနှီးမြှုပ်နှံမှုများ၊
(၂) စွမ်းဆောင်ရည်မြှင့်တင်ရေး (Capacity Building) ဥပမာ - ဆွေးနွေးပွဲ၊ သင်တန်းစသည့် အသုံးစရိတ်၊
(၃) အထွေထွေရင်းနှီးမြှုပ်နှံမှု (ငွေကြေး ရင်းနှီးမြှုပ်နှံမှုများနှင့် စွမ်းရည်မြှင့်တင်ရေး လုပ်ငန်းများ ပေါင်းစပ်လျက်)၊
(၄) လူသားချင်း စာနာမှု အထောက်အပံ့။

**(ဂ) ဦးစားပေးစီမံချက်များ**

ကျေးရွာဖွံ့ဖြိုးရေး အစည်းအဝေးတွင် အုပ်စုဖွဲ့ဆွေးနွေးမှုများမှ ကျေးရွာတွင် ဆောင်ရွက်သင့်သည့် လုပ်ငန်းခေါင်းစဉ်များ ထွက်ရှိလာပါသည်။ ယင်းလုပ်ငန်းများအနက် တက်ရောက်သူ ကျေးရွာသား အုပ်စု (၄) စုထဲမှ (၁၀) ဦးက ဦးစားပေးရမည့် စီမံချက်များကို အမှတ်ပေးကြပါသည်။ အချို့သော စီမံချက်များကို ဆောင်ရွက်ရာတွင် နည်းပညာဆိုင်ရာ အသေးစိတ် အထောက်အပံ့များကို မြို့နယ်အဆင့် အစိုးရဌာနများနှင့် အခြားအဖွဲ့အစည်းများထံမှ ပြည့်ပြည့်ဝဝ ရရှိရန် လိုအပ်ပါသည်။

**တောင်ကိုင်းကျေးရွာ၊မိုးမိတ်မြို့နယ်၏ ဦးစားပေးစီမံချက်အခြေပြဇယား**

| ကဏ္ဍ/လုပ်ငန်း ကဏ္ဍခွဲ/လုပ်ငန်းခွဲ | စီမံချက် | စုစုပေါင်း | အဆင့် | စီမံချက်ကျိုးကြောင်းရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|
| ***စီမံခန့်ခွဲမှုကဏ္ဍ*** | | | | |
| *အဆောက်အဦ* | အုပ်ချုပ်ရေးမှူးရုံးတည်ဆောက်ခြင်း | ၁ | ၁၀ | တောင်ကိုင်းရွာအုပ်ချုပ်ရေးမှူးရုံးမှာ သစ်သားခင်း၊ကာ၊သွပ်မိုး ဖြစ်ပြီး အဆောက်အဦသေးငယ်သဖြင့် တစ်ရွာလုံးနှင့်ပါတ်သက်သော အစည်းအဝေးများခေါ်ယူရန် ခက်ခဲပါသည်။ တစ်ရွာလုံး စုစည်းနိုင်မည့် ရွာပိုင်အဆောက်အဦလည်းမရှိသေးသောကြောင့် လက်ရှိအုပ်ချုပ်ရေးမှူးရုံးကို တိုးချဲ့ပါကရပ်ရွာအစည်းအဝေးများအတွက်လည်း အဆင်ပြေမည့်အပြင် အုပ်ချုပ်ရေး၊လူမှုရေးကိစ္စရပ်များ စီမံဆောင်ရွက်ရာတွင်လည်း အဆင်ပြေမည်ဖြစ်ပါသည်။ ကျေးရွာအုပ်ချုပ်ရေးမှူးမှာ လက်ရှိတွင် ညောင်ပင်စောက်ရွာမှ ဖြစ်သောကြောင့် ကျေးရွာဖွံ့ဖြိုးရေးကော်မတီက ပေါင်းစပ်ညှိနှိုင်းကာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ ၂၀၁၆ ခုနှစ်အတွင်း တင်ပြဆောင်ရွက်မည်ဖြစ်ပါသည်။ |
| ***စိုက်ပျိုးရေးကဏ္ဍ*** | | | | |
| စက်ကိရိယာ | ကောက်စိုက်စက်အရစ်ကျဝယ်ယူခြင်း | ၃ | ၈ | တောင်ကိုင်းရွာ စိုက်ပျိုးရေးကဏ္ဍအခက်အခဲများတွင် လုပ်သားခက်အခဲကို ဖော်ထုတ်ကြပါသည်။ သို့သော် ၄င်းအခက်အခဲမှာ ရာသီဉတု မမှန်၍ စိုက်ပျိုးချိန်နောက်ကျလျှင် ပိုမိုကြုံတွေ့ရပါသည်။ ထို့ပြင် အလယ်အလတ်လယ်သမားများသောရွာဖြစ်သဖြင့် လယ်ယာကဏ္ဍတိုးတက်ရေးအတွက် ကောက်စိုက်စက်များ၀ယ်ယူလိုသော လုပ်ငန်းရပ်ဖြစ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေးကော်မတီနှင့်အုပ်ချုပ်ရေးက စက်မှုလယ်ယာဦးစီးဌာနသို့မဟုတ် ကောက်စိုက်စက်များကို အရစ်ကျရောင်းချပေးနိုင်သော ကုမ္ပဏီတစ်ခုခုကို မြို့နယ်အုပ်ချုပ်ရေး၏ စီမံကွပ်ကဲမှုဖြင့်ရောင်းချ ပေးနိုင်မည်ကို ပေါင်းစပ်ညှိနှိုင်းမည်ဖြစ်ပါသည်။ ၀ယ်ယူလိုသော လယ်သမားအရေအတွက်၊ စက်တန်ဖိုးနှင့်ကျသင့်ငွေ၊ အရစ်ကျ |

| ကဏ္ဍ/လုပ်ငန်း<br>ကဏ္ဍခွဲ/လုပ်ငန်းခွဲ | စီမံချက် | စုစုပေါင်း | အဆင့် | စီမံချက်ကျိုးကြောင်းရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|
| | | | | သွင်းယူရမည့်ပမဏာနှင့်ကာလ၊ အာမခံရမည့်လုပ်ငန်းစဉ်စသည်တို့ကို ကျေးရွာဖွံ့ဖြိုးရေးကော်မတီနှင့်ပူးပေါင်းညှိနှိုင်းမည်ဖြစ်ပါသည်။ ချိတ်ဆက်မေးမြန်းခြင်းကို လယ်အလုပ်ပါးချိန် ၂၀၁၆ခုနှစ် ဧပြီလနှင့်မေလများတွင် ဆောင်ရွက်ရန်လျာထားပြီး ခွင့်ပြုချက်ရရှိပါက ၃နှစ်မှ၅နှစ်အတွင်း အရစ်ကျပေးချေနိုင်ရန် စီစဉ်လုပ်ဆောင်မည့်စီမံချက်ဖြစ်ပါသည်။ |
| ဝန်ဆောင်မှု | စိုက်ပျိုးရေရရှိရေး(ချောင်းရေ) | ၉ | ၂ | စိုက်ပျိုးရေအတွက် ကင့်နွယ်ချောင်းနှင့်ဝါးပိုးချောင်းများကို အားထားကြရပြီး ဆည်မြောင်းတာတမံမရှိသည့်အတွက် တစ်နိုင်တစ်ဖက်ပိတ်ရေလွှဲဆည်များကို လုပ်ဆောင်ကြရာ ချောင်းဖျား၊ ချောင်းအောက် ညှိနှိုင်းရခြင်းများ၊ အထူးသဖြင့် နွေရာသီရေနည်းချိန်တွင်အခက်အခဲရှိပါသည်ဟု ဖော်ထုတ်ဆွေးနွေးကြပါသည်။ လွယ်ဆာငွေ့မော်ချောင်းမှရေဖောက်ပေးလျှင် လုံလောက်နိုင်ခြင်း သက်ဆိုင်ရာဌာနများသို့ အကူအညီတောင်းခံခြင်း။သို့သော် စက်ယန္တရားကြီးများဖြင့် သက်ဆိုင်ရာဌာနများမှ မပံ့ပိုးလျှင် မဖြစ်နိုင်သောကြောင့် ကျေးရွာဖွံ့ဖြိုးရေးကော်မတီနှင့်ကျေးရွာအုပ်ချုပ်ရေးတို့ပူးပေါင်းကာ မြို့နယ်အုပ်ချုပ်ရေးနှင့် ဆည်မြောင်း ဦးစီးဌာနတို့သို့ တင်ပြအကူအညီတောင်းခံမည့် လုပ်ငန်းရပ်ဖြစ်ပါသည်။ ဒိုးပင်ရွာတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီကို အကူအညီတောင်းပြီး သိန်း၅၀အကုန်အကျခံကာ တည်ဆောက်ပေးခဲ့ဖူးသော သာဓကရှိပါသည်။ လွန်ခဲ့သော နှစ်၂၀ ကလည်း ဒိုးပင်-တောင်ကိုင်း တောင်သူများဆွေးနွေးညှိနှိုင်းပြီး တင်ပြခဲ့ဖူးပါသည်။ ထို့ကြောင့် ဖောက်ရမည့်နေရာ၊အတိုင်းအ တာတို့မြေပုံတို့ ရှိပြီးလည်းဖြစ်ပါသည်။ သို့သော် လက်ရှိဈေးနှုန်းဖြင့် ကုန်ကျစရိတ်ကို ခန့်မှန်း တွက်ချက်နိုင်ခြင်းမရှိသဖြင့် ဤစီမံချက်လုပ်ငန်းရပ်ကို ကျေးရွာဖွံ့ဖြိုးရေးကော်မတီက အုပ်ချုပ်ရေးနှင့်ပေါင်းစပ်ညှိနှိုင်းပြီး သက်ဆိုင်ရာ |

| ကဏ္ဍ/လုပ်ငန်း ကဏ္ဍခွဲ/လုပ်ငန်းခွဲ | စီမံချက် | စုစုပေါင်း | အဆင့် | စီမံချက်ကျိုးကြောင်းရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|
| | | | | ဌာနများသို့ တင်ပြအကူအညီတောင်းခံမည်ဖြစ်ပါသည်။ ၂၀၁၆ ခုနှစ် ၃လပိုင်းတွင် လုပ်ဆောင်နိုင်မည်ဟု ခန့်မှန်းပါသည်။ |
| *မွေးမြူရေးကဏ္ဍ* | | | | |
| နည်းပညာ/စွမ်းဆောင်ရည် | မွေးမြူရေးနည်းပညာသင်တန်း/ ဟောပြောပွဲ | ၂ | ၉ | တိရိစ္ဆာန်မွေးမြူရေးမှာ တောင်ကိုင်းရွာအတွက် တွန်းအားနည်းသော လုပ်ငန်းရပ်ဖြစ်သော်လည်း မွေးမြူရေး၏ အရေးပါမှုကို မှုအရေးထားသောကြောင့် ဖော်ထုတ်ရရှိသော ကျေးရွာလိုအပ်ချက်မှာ တိရိစ္ဆာန်မွေးမြူရေးနည်းပညာများရရှိနိုင်ရေးဖြစ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေးကော်မတီက သက်ဆိုင်ရာတိ၊မွေးကုဌာနသို့ ချိတ်ဆက်ကာ မွေးမြူရေးနည်းပညာဟောပြောပွဲများ ကျင်းပနိုင်ရေးလုပ်ဆောင်မည်ဖြစ်ပါသည်။ ၂၀၁၆/၂၀၁၇ခုနှစ်တွင် ဌာနမှ ပေါင်းစပ်ပေးနိုင်မည့်အချိန်တွင် ကျေးရွာကိုစုစည်းပြီး ကျင်းပနိုင်ရန် ရည်ရွယ်သည့်လုပ်ငန်းရပ်ဖြစ်ပါသည်။ |
| *စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းများကဏ္ဍ* | | | | |
| နည်းပညာ/စွမ်းဆောင်ရည် | အသက်မွေးဝမ်းကျောင်းအထောက်အကူပြုသင်တန်းများ<br>စက်ချုပ်သင်တန်း<br>-စက်ပြင်သင်တန်း<br>-ပန်းရံသင်တန်း<br>-သစ်သီးယိုလုပ်နည်းသင်တန်း | ၅ | ၆ | ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနက ဦးဆောင်ဖွင့်လှစ်နေသည့် သင်တန်းများတွင် စက်ချုပ်သင်တန်းများကို ပထမဦးစားပေးအနေဖြင့် တောင်ကိုင်းရွာအတွင်း အထူးသဖြင့် အမျိုးသမီးများကို ဦးစားပေးပြီ ရွေးချယ်ကာ ၂၀၁၆ ခုနှစ်အတွင်း တက်ရောက်စေမည်ဖြစ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ စီမံခန့်ခွဲမှုအောက်တွင် အမျိုးသမီးအဖွဲ့က သက်ဆိုင်ရာ ဌာနဖြင့် ချိတ်ဆက်လုပ်ဆောင်မည်ဖြစ်ပါသည်။ |
| *ကျန်းမာရေးကဏ္ဍ* | | | | |
| အဆောက်အဦ နှင့် ဝန်ဆောင်မှု | ကျေးလက်ဆေးပေးခန်းတင်ပြတောင်းခံခြင်း | ၈ | ၃ | ရွာအတွင်း ဆေးခန်းချထားပေးရန် ကျေးရွာအုပ်ချုပ်ရေး၊ ဖွံ့ထောက် ကော်မတီနှင့် ကျေးရွာဖွံ့ဖြိုးရေးကော်မတီတို့ ပူးပေါင်းပြီး ကျန်းမာရေးဌာနသို့ လျှောက်ထားခြင်းဖြစ်ပါသည်။ ဌာနခွင့်ပြုချက်ရရှိရေးကို ၂၀၁၆ ခုနှစ်အတွင်း ဆောင်ရွက်ပြီး မြေနေရာရရှိရေးကို အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့တင်ပြ ဆောင် |

| ကဏ္ဍ/လုပ်ငန်း ကဏ္ဍခွဲ/လုပ်ငန်းခွဲ | စီမံချက် | စုစုပေါင်း | အဆင့် | စီမံချက်ကျိုးကြောင်းရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|
| | | | | ရှက်မည်ဖြစ်ပါသည်။ ခွင့်ပြုချက်ရပါက ၂၀×၂၀×၃၀ အကျယ်ပေါ်တွင် သိန်း၅၀ခန့်မှန်းတန်ဖိုးရှိ ၂၀×၂၀×၂၀ (တမံသ လင်းခင်း၊ အုတ်ကာ၊သွပ်မိုး) ဆေးပေးခန်း တစ်ခုတည်ဆောက်မည့် စီမံချက်ဖြစ်ပါသည်။ မြေတန်ဖိုးမှာ ကာလပေါက်ဈေးအတိုင်း ဖြစ်ပါသည်။ |
| ***ပညာရေးကဏ္ဍ*** | | | | |
| ငွေကြေး | ပညာရေးရန်ပုံငွေထူထောင်ခြင်း | ၆ | ၅ | ပညာရေးထူးချွန်ကလေးများကို ထောက် ပံ့ရန် (ဆရာတော်၏ သြဝါဒ) ပ၊ဒု၊တ ပညာရည်ချွန်ဆုပေးသည့် အလေ့အထကောင်း တစ်ခုရှိပြီး ယင်းကို ရှင်သန်ပွားများနိုင်ရန်အတွက် ကျေးရွာအတွင်း အလယ်တန်းနှင့်အထက်တန်းပညာများ သင်ကြားရန် မတတ်နိုင်သည့်အပြင် ပညာဆက်လက်သင်ကြားရန် စိတ်အားထက်သန်သောကလေးများအတွက် ပညာရေးရန်ပုံငွေထူထောင်မည့်လုပ်ငန်းရပ်ဖြစ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေးကော်မတီက ဦးဆောင်ကာ စေတနာထည့်ဝင်နိုင်မည့် အိမ်ထောင်စုများကို ကနဦး ထည့်ဝင်ငွေတစ်ရပ်စတင်ရန် ၂၀၁၆ခုနှစ် နှစ်လယ်မှ စတင်ကာ ဆောင်ရွက်မည်ဖြစ်ပါသည်။ |
| ***အခြေခံအဆောက်အဦကဏ္ဍ*** | | | | |
| ဝန်ဆောင်မှု | လျှပ်စစ်မီးရရှိရေး | ၇ | ၄ | တောင်ကိုင်းရွာအခက်အခဲများတွင် ဖွဲ့မီးစက်ဖြင့်လည်ပါတ်သောလျှပ်စစ်မီးအတွက် မီတာခ တလ ၃၅၀၀ ကျပ်ကို အများစုက မတတ်နိုင်ကြသဖြင့် မသုံးကြတော့ချေ။ ဒီဇယ်အင်ဂျင်မှာလည်း ငွေကြေးတတ်နိုင်သူ မိသားစုများကသာလျှင် သုံးစွဲနိုင်ပြီး ကျန်အများစုမှာ မတတ်နိုင်ကြပါချေ။ ရွှေလီရေအားလျှပ်စစ်စီမံကိန်းမှ မဟာဓါတ်အားလိုင်းများ တပ်ဆင်ဆက်သွယ်ပြီး မိုးမိတ်မြို့ကို ဓါတ်အားဖြန့်ဝေးရေး လုပ်ဆောင်နေရာတွင် ရွာအနီးမှ ဖြတ်သွားသဖြင့် သက်ဆိုင်ရာက စီစဉ်ပေးလျှင် ရွာအတွက် လျှပ်စစ်မီးရရှိနိုင်ခြေရှိသည်ဟု ဖော်ထုတ်ကြပါသည်။ ထို့အပြင် |

| ကဏ္ဍ/လုပ်ငန်း ကဏ္ဍခွဲ/လုပ်ငန်းခွဲ | စီမံချက် | စုစုပေါင်း | အဆင့် | စီမံချက်ကျိုးကြောင်းရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|
| | | | | လက်ရှိတောင်ကိုင်းရွာ ကျောင်းထိုင်ဘုန်းကြီးမှာ မိုးမိတ်မြို့နယ် သံဃာ့မဟာနာယကဥက္ကဋ္ဌဖြစ်ပြီး သြဇာညောင်းသောပုဂ္ဂိုလ် ဖြစ်သဖြင့် ကျေးရွာ၏ အရေးပါသောကိစ္စရပ်များအတွက် အားကိုအားထားရာ ဖြစ်ပါသည်။ ထို့ကြောင့် လျှပ်စစ်မီး ရရှိရေး အတွက် ကျေးရွာဖွံ့ဖြိုးရေးကော်မတီက အုပ်ချုပ်ရေးဖြင့် ပေါင်းစပ်ကာ ကျောင်းထိုင်ဘုန်းကြီးကို တင်ပြပြီး သက်ဆိုင်ရာ ဌာနများသို့ ဆက်လက်တင် ပြသွားမည့် လုပ်ငန်းရပ်ဖြစ်ပါသည်။ ကုန်ကျစရိတ်ကိုခန့်မှန်းနိုင်ခြင်းမရှိပါ။ အမှန်တကယ်လုပ်ပေး နိုင်မည့်အချိန်တွင် သက်ဆိုင်ရာဌာနများဖြစ်သော အထွေထွေ အုပ်ချုပ်ရေး၊ မြို့နယ်လျှပ်စစ်စွမ်းအားဦးစီးဌာနတို့၏ အကူ အညီဖြင့် ကုန်ကျစရိတ်ကို တွက်ချက်မည်ဖြစ်ပါသည်။ ကျေးရွာ က ကုန်ကျခံနိုင်မည့်ပမာဏ အတွင်းဖြစ်ပါက ရွာအတွင်း မည်သို့ ကောက်ခံမည်ကို အစည်းအဝေးခေါ်ကာ ဆုံးဖြတ်ကြမည် ဖြစ်ပါသည်။ သက်ဆိုင်ရာဌာနသို့ ချိတ်ဆက်တင်ပြခြင်းကို ၂၀၁၅/၂၀၁၆ ဘဏ္ဍာနှစ်မကုန်မီတွင် ဆောင်ရွက်ရန် ရည်မှန်း ထားပါသည်။ |
| *လူငယ်နှင့်ယဉ်ကျေးမှုကဏ္ဍ* | | | | |
| စွမ်းဆောင်ရည် | အားကစားကွင်းမြေညှိခြင်း | ၄ | ၇ | လက်ရှိအားကစားကွင်းမှာ လယ်ကွင်းဖြစ်နေခြင်းကြောင့် မြေမ ညီသဖြင့် လူငယ်များကစားနိုင်ရန် အခက်အခဲရှိပါသည်။ ထို့ပြင် အားကစားကိုမူတည်ပြီး မူးယစ်ဆေးစွဲသူများကို ရပ်ရွာအသိုက် အဝန်းအတွင်းသို့ပြန်လည်ရောက်ရှိစေနိုင်အောင် နှင့် ကလေး ငယ်များအထူးသဖြင့်ယောက်ျားကလေးများကို မူးယစ်ဆေးမှ ရှောင်ရှားနိုင်စေရန်ရည်ရွယ်ပြီး အားကစားဖြင့် ချိတ်ဆက်ပြီး လူငယ်များ၏ အချိန်အသုံးချမှုကို ပိုမိုအကျိုးရှိစေရန်အတွက် လုပ်ဆောင်မည့် လုပ်ငန်းရပ်ဖြစ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေး ကော်မီက ဦးဆောင်ပြီး လူငယ်ခေါင်းဆောင်(ကျား၊မ) တို့ဖြင့် ညှိ |

| ကဏ္ဍ/လုပ်ငန်း<br>ကဏ္ဍခွဲ/လုပ်ငန်းခွဲ | စီမံချက် | စုစုပေါင်း | အဆင့် | စီမံချက်ကျိုးကြောင်းရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|
| | | | | နှိုင်းကာ အကူအညီပေးနိုင်မည့် ဌာနတစ်ခုခု သို့မဟုတ် အလှူရှင် တစ်ဦးဦး သို့မဟုတ် အဖွဲ့အစည်းတစ်ခုခုကို ချိတ်ဆက်လုပ်ဆောင်ရန်ရည်ရွယ်ပါသည်။ စက်ဖြင့်ညှိလျှင် အချိန်မြန်ပြီး အားကစားကွင်းအတွက် ကုန်ကျစရိတ် ၅သိန်းမှ၁ဝသိန်းထိသာ ကုန်ကျနိုင်ပါသည်။ ၂ဝ၁၆ ၃ လပိုင်းတွင် လုပ်ဆောင်ရန် ရည်မှန်းထားပါသည်။ |
| စာရိတ္တနှင့်စွမ်းဆောင်ရည် | မူးယစ်ဆေးဝါးပပျောက်ရေး | ၁ဝ | ၁ | တောင်ကိုင်းရွာအနေဖြင့် ဖြေရှင်းရန်လိုအပ်သည်ဟု တညီတညွတ်တည်း ဖော်ထုတ်ကြသည်မှာ မူးယစ်ဆေးဝါးပြဿနာဖြစ်ပါသည်။ မိုးမိတ်ရွှေလီသစ်ကွင်းသို့ သစ်ထုတ်လုပ်ရေးလုပ်သားများအဖြစ် လူငယ်အများအပြား သွားရောက်လုပ်ကိုင်ကြရာမှ လုပ်ငန်းရှင်တရုတ်လူမျိုးက အပင်ပမ်းခံနိုင်ရန်အတွက် ဆေးပြားများကျွေးရာမှ လုပ်ငန်းသိမ်းသောအခါ ဆေးစွဲကျန်ရစ်ပြီး မိသားစုများအတွင်း လူမှုစီးပွားဆိုးကျိုးသက်ရောက်မှုများ ကြုံတွေ့ရမှုများလာခြင်းကြောင့် တစ်ရွာလုံးညီညွတ်စွာဖြေရှင်းလိုကြခြင်းဖြစ်ပါသည်။ ထိုသို့လုပ်ဆောင်နိုင်ရန်အတွက် ယခုကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲရာမှ ပေါ်ထွက်လာသော ကျေးရွာဖွံ့ဖြိုးရေးကော်မတီက ဦးဆောင်ညှိနှိုင်းပြီး ကျေးရွာအုပ်ချုပ်ရေးနှင့် သက်ဆိုင်သူမိသားစုများကို ဦးစွာ ညှိနှိုင်းဖော်ထုတ်ကြပြီး အကျိုးမထိခိုက်ရအောင် စီမံရေးအတွက် ဆွေးနွေးကြမည်ဖြစ်ပါသည်။ ထို့နောက် အုပ်ချုပ်ရေးမှူးမှတစ်ဆင့် မြို့နယ်အုပ်ချုပ်ရေးနှင့်သက်ဆိုင်ရာဌာနများကို ပေါင်းစပ်ကာ အများစုပေါင်းပြီး မူးယစ်ဆေးဝါးအသိပညာပေးဟောပြောပွဲများကျင်းပမည်ဖြစ်ပါသည်။ ထို့နောက် သက်ဆိုင်ရာဌာနများ၏ ချိတ်ဆက်ပေးမှုဖြင့် သက်ဆိုင်သောသူများကို နှစ်သိမ့်ဆွေးနွေးပေးနိုင်ရေးနှင့် ပြန်လည်ထူတောင်ရေးပြုလုပ်ပေးနိုင်သော ဌာနများ(နှင့်/သို့မဟုတ်) အဖွဲ့အစည်းများကို ချိတ်ဆက်ကာ နှစ်ဦး-နှစ်ဖက် ချိတ်ဆက်ပြီး |

| ကဏ္ဍ/လုပ်ငန်း<br>ကဏ္ဍခွဲ/လုပ်ငန်းခွဲ | စီမံချက် | စုစုပေါင်း | အဆင့် | စီမံချက်ကျိုးကြောင်းရှင်းလင်းဖော်ပြချက် |
| --- | --- | --- | --- | --- |
| | | | | ဆက်လက်ဆောင်ရွက်စေမည်ဖြစ်ပါသည်။ ၂၀၁၆ခုနှစ်အတွင်း စောနိုင်သမျှအစောဆုံး သက်ဆိုင်ရာဌာများသို့ တင်ပြပြီး ဌာနများက ပြန်လည်ချိတ်ဆက်ပေးနိုင်မည့်အချိန်တွင် ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါသည်။<br>တောင်ကိုင်းရွာအားသာချက်မှာ စာကြည့်တိုက်အင်အားကောင်းစွာလည်ပါတ်နေခြင်းဖြစ်ပါသည်။ စာကြည့်တိုက် လူငယ်၊အားကစားနှင့် မူးယစ်ဆေးဝါးပပျောက်ရေးတို့ကို ချိတ်ဆက်ပြီး အထက်ဖော်ပြပါ စီမံကိန်း ၂ခုဖြစ်သော မူးယစ်ဆေးဝါးပပျောက်ရေး နှင့် အားကစားကွင်းမြေညှိခြင်းကို လုပ်ဆောင်မည့် လုပ်ငန်းရပ်များဖြစ်ပါသည်။ |

**(ဃ) ။ အကောင်ထည်ဖော်မည့် အချိန်ကာလ**

ကျေးရွာလူထုက ဖော်ထုတ်ရေးဆွဲထားသော ဦးစားပေးစီမံကိန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရန် စီမံကိန်းကာလကို ကွင်းဆင်းဆောင်ရွက်ချက်များကို အခြေခံ၍ ရေးဆွဲထားပါသည်။ ကျေးရွာဖွံ့ဖြိုး ရေးစီမံကိန်းကာလများကို နှစ်စဉ် ပြုပြင်ရေးဆွဲပါမည်။ စီမံကိန်း ကာလအပိုင်းအခြားကို အောက်ပါဇယားတွင် ဖော်ပြထားပါသည်။

**ဇယား (၄၆) စီမံကိန်းကာလ**

| စဉ် | စီမံကိန်း | ဦးစားပေး အဆင့် | ကာလ | | | | | | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|
| | | | ၂၀၁၅ | ၂၀၁၆ | ၂၀၁၇ | ၂၀၁၈ | ၂၀၁၉ | ၂၀၂၀ | |
| ၁ | မူးယစ်ဆေးဝါး ပပျောက်ရေး | ၁ | | √ | √ | √ | √ | | |
| ၂ | ချောင်းရေရရှိရေး | ၂ | | √ | √ | √ | | | |
| ၃ | ကျေးလက်ဆေးပေးခန်း | ၃ | | √ | √ | | | | |
| ၄ | လျှပ်စစ်မီးရရှိရေး တင်ပြခြင်း | ၄ | | √ | √ | √ | √ | √ | |
| ၅ | ပညာရေးရံပုံငွေ ထူထောင်ခြင်း | ၅ | | √ | √ | | | | |
| ၆ | အသက်မွေးဝမ်းကျောင်း | ၆ | √ | √ | √ | √ | √ | √ | ၁နှစ် ၁ကြိမ် |
| ၇ | အားကစားကွင်း မြေညှိခြင်း | ၇ | | √ | | | | | |
| ၈ | ကောက်စိုက်စက် အရစ်ကျဝယ်ယူခြင်း | ၈ | | √ | √ | √ | √ | √ | |
| ၉ | မွေးမြူရေးနည်းပညာ ရရှိရေး | ၉ | | √ | | √ | | √ | ၁နှစ် ၁ကြိမ် |
| ၁၀ | အုပ်ချုပ်ရေးမှူးရုံး တိုးချဲ့ခြင်း | ၁၀ | | √ | √ | √ | | | |

## ၉။ ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ ရွေးချယ်မှုများ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် ရေးဆွဲရာတွင် စီမံကိန်းတွင်ပါဝင်သော အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းများအတွက် ဦးစားပေးဆောင်ရွက်မည့် လုပ်ငန်းများကို ဖော်ထုတ်ပြီးဖြစ်ပါသည်။ စီမံကိန်းများနှင့်ဆိုင်သော အကြောင်းအရာများကို လုပ်ငန်းတစ်ခုချင်းစီအလိုက် အသေးစိတ်ဖော်ပြထားပါသည်။ ၎င်းထဲတွင် စီမံကိန်း၏ရည်ရွယ်ချက်၊ အကျိုးခံစားသူဦးရေ၊ အကောင်အထည်ဖော်ဆောင်ရွက်မည့်ပုံစံ နှင့် အစီအစဉ်၊ စီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်မည့် ကာလ၊ အခြေခံအဆောက်အဦးကို ပြုပြင်ထိန်းသိမ်းမည့် ဘတ်ဂျက်နှင့် ငွေရေးကြေးရေး အစီအစဉ်များ ပါဝင်ပါသည်။

အချို့သော စီမံကိန်းများကို ဆောင်ရွက်ရာတွင် နည်းပညာဆိုင်ရာ အသေးစိတ် အထောက်အပံ့များကို မြို့နယ်အဆင့်အစိုးရဌာနများနှင့် အခြားအဖွဲ့အစည်းများထံမှ ပြည့်ပြည့်ဝဝ ရရှိရန် လိုအပ်ပါသည်။ စီမံချက်များ အကောင်အထည်ဖော် ဆောင်ရွက်ရန် ဦးစားပေး သတ်မှတ်ရာတွင် ဘတ်ဂျက်၊ ငွေကြေးရရှိနိုင်မှုအပေါ် အခြေခံပြီး နှစ်စဉ် ပြုပြင်ပြောင်းလဲနိုင်သည်။ ဒေသအတွင်း ဖြစ်ပေါ်လာသော ဖွံ့ဖြိုးရေးလိုအပ်ချက်၊ သဘာဝ ဘေးအန္တရာယ်၊ အခြား အရေးပေါ်ကိစ္စရပ်များနှင့် အစိုးရ ဘတ်ဂျက်များအပေါ်မူတည်၍ ဦးစားပေး အစီအစဉ်များကို ပြောင်းလဲရန် ဖြစ်ပါသည်။ ကျေးရွာလူထုမှ ငါးနှစ်တာကာလအတွက် ရေးဆွဲထားသော ဖွံ့ဖြိုးရေးရည်မှန်းချက်မူဘောင်တွင် နှစ်အလိုက် အကောင်အထည်ဖော် ဆောင်ရွက်မည့် လုပ်ငန်း အစီအစဉ်များ အတွက် ပြင်ဆင်ရမည် ဖြစ်သည်။

အောက်ပါ ဇယားတွင် ဖော်ပြထားသော စီမံကိန်းအလိုက် ဘတ်ဂျက် ပမာဏများသည် ရည်ညွှန်းနမူနာ (indicative) အဖြစ် ကိုးကားရန် ပမာဏသာ ဖြစ်ပါသည်။ အမှန်တကယ် လိုအပ်သော ဘတ်ဂျက် ပမာဏ တွက်ချက်နိုင်ရန် အသေးစိတ်ဆက်လက်၍ ဆောင်ရွက်ရမည် ဖြစ်ပါသည်။ ယင်းသို့ ဆောင်ရွက်နိုင်ရန် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး ကော်မတီသည် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ အဖွဲ့အစည်းများနှင့် လုပ်ငန်းရှင်များထံမှ နည်းပညာ အကူအညီများ ရရှိရန်လည်း လိုအပ်ပါသည်။

ဖော်ပြထားသော ရည်ညွှန်းဘတ်ဂျက်ပမာဏတွင် ကျေးရွာလူထု၏ ငွေသား မဟုတ်သော ထည့်ဝင်မှုများ ကို ထည့်သွင်းဖော်ပြထားခြင်း မရှိပါ။ (ငွေသားမဟုတ်သော ထည့်ဝင်မှု၊ ဥပမာ - လုပ်အား၊ သဲ၊ ကျောက်၊ ပစ္စည်းကိရိယာ၊ အချိန် စသည်)

**စီမံချက် ဘတ်ဂျက်**

| စဉ် | စီမံချက် | ရံပုံငွေ (ကျပ်) | ရင်းနှီးမြှုပ်နှံမှုအရအုပ်စုသတ်မှတ်ခြင်း(ကျပ်) | | | |
|---|---|---|---|---|---|---|
| | | | စွမ်းဆောင်ရည်မြှင့်တင်ရေး | ငွေလုံးငွေရင်းအသုံးစရိတ် | အထွေထွေရင်းနှီးမြှုပ်နှံမှု | လူသားချင်း စာနာမှု အထောက်အပံ့ |
| ၁ | မူးယစ်ဆေးဝါးပပျောက်ရေး | | | | | |
| ၂ | ချောင်းရေရရှိရေး | | | | | |

| စဉ် | စီမံချက် | ရံပုံငွေ (ကျပ်) | ရင်းနှီးမြှပ်နှံမှုအရအုပ်စုသတ်မှတ်ခြင်း(ကျပ်) | | | |
|---|---|---|---|---|---|---|
| | | | စွမ်းဆောင်ရည်မြှင့်တင်ရေး | ငွေလုံးငွေရင်းအသုံးစရိတ် | အထွေထွေရင်းနှီးမြှုပ်နှံမှု | လူသားချင်း စာနာမှုအထောက်အပံ့ |
| ၃ | ကျေးလက်ဆေးပေးခန်း | | | | | |
| ၄ | လျှပ်စစ်မီးရရှိရေးတင်ပြခြင်း | | | | | |
| ၅ | ပညာရေးရံပုံငွေထူထောင်ခြင်း | | | | | |
| ၆ | အသက်မွေးဝမ်းကြောင်း | | | | | |
| ၇ | အားကစားကွင်းမြေညှိခြင်း | | | | | |
| ၈ | ကောက်စိုက်စက်အရစ်ကျဝယ်ယူခြင်း | | | | | |
| ၉ | မွေးမြူရေးနည်းပညာရရှိရေး | | | | | |
| ၁၀ | အုပ်ချုပ်ရေးမှူးရုံးတိုးချဲ့ခြင်း | | | | | |

## ၁၀။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ

### (က) ကျေးရွာလူထု (လူထုခေါင်းဆောင်မှု နှင့် စီမံခန့်ခွဲမှု အခန်းကဏ္ဍ)

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင်ပါဝင်သော စီမံကိန်းလုပ်ငန်းများကို အထိရောက်ဆုံး အကောင်အထည်ဖော်ရန်မှာ ကျွန်ုပ်တို့ ကျေးရွာလူထု၏ တာဝန်သာ ဖြစ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေး ကော်မတီသည် ပေါင်းစပ်ညှိနှိုင်းရေးနှင့် စီမံခန့်ခွဲရေးတာဝန်ကို အဓိကယူပါမည်။ အဖွဲ့အစည်း အသီးသီး၊ ကော်မတီ အသီးသီးအား တာဝန်များ ခွဲဝေအပ်နှင်း၍ သက်ဆိုင်ရာ စီမံကိန်းများ ဆောင်ရွက်နိုင်ရန် ဦးဆောင်ပါမည်။ ဥပမာ - ပညာရေးကော်မတီသည် ကျေးရွာ၏ ပညာရေးကဏ္ဍ ပိုမိုကောင်းမွန်တိုးတက်လာစေရန် တာဝန်ယူ ဆောင်ရွက်စေ၍ စိုက်ပျိုးရေးကော်မတီသည် ကျေးရွာ၏ လယ်ယာကုန်ထုတ်ခြင်းလုပ်ငန်းများ တိုးတက်ရေးအတွက် တာဝန်ယူ ဆောင်ရွက်စေခြင်း ဖြစ်ပါသည်။

### (ခ) ဖွံ့ဖြိုးရေး မိတ်ဖက် အဖွဲ့အစည်း

ကျေးရွာဖွံ့ဖြိုးရေး ကော်မတီအဖွဲ့များက ဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည် ဖော်ဆောင်ရာတွင် ဦးဆောင်စီမံခန့်ခွဲမှုအပိုင်းကို တာဝန်ယူဆောင်ရွက်သော်လည်း အခြားသော ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့များကိုလည်း ရှာဖွေဆက်သွယ် ပူးပေါင်းရန် လိုအပ်ပါမည်။ ကျွန်ုပ်တို့ ကိုယ်တိုင် ဖြေရှင်းရန်မတတ်နိုင်သော အကူအညီများ ရယူဆောင်ရွက်ရန် ဖြစ်ပါသည်။ ဥပမာ - ပညာရေး ကော်မတီသည်

ကျေးရွာရှိ စာသင်ကျောင်းတွင် ဆရာ၊ ဆရာမ လိုအပ်နေမှု (သို့) မူလတန်း ပညာရေး သင်ကြားမှု အရည်အသွေး တိုးတက်ရေးဆောင်ရွက်ရန် မြို့နယ်အခြေခံပညာဦးစီးဌာနနှင့် ချိတ်ဆက် ညှိနှိုင်း ဆောင်ရွက်ရပါမည်။ စိုက်ပျိုးရေးကော်မတီကလည်း လယ်ယာထုတ်ကုန်သီးနှံများ တိုးမြှင့်ထုတ်လုပ်ရန် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၊ စက်မှုလယ်ယာဦးစီးဌာနနှင့်ဆက်သွယ်၍ နည်းပညာဆိုင်ရာ အကူအညီ များရယူရန် လိုအပ်ပါမည်။

### (ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ

ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းလုပ်ငန်းများ၏ အသေးစိတ်လုပ်ငန်း အမျိုးအစား ဖော်ပြချက်တွင် တင်ဒါခေါ် ယူဆောင်ရွက်ရမည့် ကိစ္စများကိုလည်း တွေ့ရပါမည်။ ဤလုပ်ငန်း အမျိုးအစားများ အတွက် အောက်ပါ အဖွဲ့အစည်း / ပုဂ္ဂိုလ်များ၏ ပါဝင်မှုမှာ အမှန်ပင် လိုအပ်ပါမည်။

- ဆောက်လုပ်ရေး၊ ကြီးကြပ်ရေးစသည့် လုပ်ငန်းများအတွက် ကန်ထရိုက်များ
- စိုက်ပျိုးရေး၊ မွေးမြူရေးစသည့် သင်တန်းများအတွက် နည်းပညာဆိုင်ရာနှင့် စီမံခန့်ခွဲမှုဆိုင်ရာ ဝန်ဆောင်မှုပေးသည့်အဖွဲ့များ (နိုင်ငံတကာဖွံ့ဖြိုးမှု အဖွဲ့အစည်းများ၊ ဒေသဖွံ့ဖြိုးရေး အဖွဲ့ အစည်းများ၊ ပုဂ္ဂလိက အဖွဲ့ အစည်းများ၊ လူထုအဖွဲ့အစည်းများ)

ကန်ထရိုက်နှင့်ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများက စီမံကိန်းလုပ်ငန်းတွင် ဖော်ပြ ထားသော သတ်သတ်မှတ်မှတ် ကိစ္စများကိုသာ ကြီးကြပ်မှုပေးမည်ဖြစ်ပြီး လုပ်ငန်းတစ်ခုလုံး လွှမ်းခြုံကြီးကြပ်ရန် တာဝန်မှာ ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးကော်မတီက တာဝန်ပေးထားသောအဖွဲ့၏ တာဝန်သာဖြစ်ပါသည်။ အချို့ကိစ္စများတွင် ကြီးကြပ်ရေးတာဝန်မှာ မြို့နယ်သက်ဆိုင်ရာဦးစီးဌာနက တာဝန်ယူပါမည်။ ဤကိစ္စ မျိုးတွင် ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် တာဝန်ပေးထားသော ကော်မတီကိုဦးဆောင်၍ မြို့နယ်ဌာန ဆိုင်ရာအဖွဲ့အစည်းများနှင့် နီးနီးကပ်ကပ် ပူးပေါင်းဆောင်ရွက်ပါမည်။

### (ဃ) ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန် နှင့် ပြုပြင်ထိန်းသိမ်းရန် အတွက် အဖွဲ့ အစည်းဆိုင်ရာ နှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ

ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများ စတင်အကောင်အထည် ဖော်ရန်အတွက် အဆိုပြု စီမံကိန်း များကို ရေးဆွဲရာတွင် ကျေးရွာဖွံ့ဖြိုးရေးကော်မတီအနေဖြင့် ဆောင်ရွက်မည့် လုပ်ငန်း တစ်ခုစီချင်းစီ အတွက် ရေရှည်တည်တံ့ရေး အစီအစဉ်များကို ရေးဆွဲထားရှိပါသည်။ ဥပမာအားဖြင့် ကျေးရွာ ကျောက်ချောလမ်းခင်းရန်အတွက် လိုအပ်သော ကုန်ကျစရိတ်များကို တွက်ချက်ရာတွင် ကျေးရွာလူထုမှ ထည့်ဝင်နိုင်မည့် လုပ်အားပမာဏ၊ ငွေကြေးထည့်ဝင်မှု၊ ပြင်ပ အကူအညီလိုအပ်မှု စသည်တို့ ပါဝင်ပြီး၊ ရေရှည်တည်တံ့ရေးလုပ်ငန်းများတွင် ကျေးရွာလူထုမှ ရေနုတ်မြောင်းတူးဖော်ရေး၊ ပြုပြင်ထိန်းသိမ်းရေး အပိုင်းများတွင် လုပ်အား၊ ငွေအား ထည့်ဝင်မှု စသည်တို့ ပါဝင်ပါသည်။ စီမံချက်လုပ်ငန်းများ အကောင်အထည်ဖော်ရာတွင် လုပ်ဆောင်မည့် လုပ်ငန်းစဉ်များ အလိုက် ကျေးရွာဖွံ့ဖြိုးရေး ကော်မတီ

နာယကများ၏ အကြံပြုချက်များကို ရယူရုံသာမက လုပ်ငန်း အကောင် အထည်ဖော်မှုများ အားလုံး အတွက် ငွေကြေးသုံးစွဲမှုများကို ပွင့်လင်းမြင်သာမှုရှိရေး အလေးထားဆောင်ရွက်သွားကြရမည်ဖြစ်ပါသည်။

ဖွံ့ဖြိုးရေးလုပ်ငန်းများကို လူထုကိုယ်တိုင်ပူးပေါင်းပါဝင်သော နည်းလမ်း (Participatory Process) ဖြင့် ဆောင်ရွက်ရာတွင် အရေးကြီးသောလိုအပ်ချက်မှာ စီမံကိန်းများ အကောင်အထည် ဖော်ဆောင်မှု အဆင့်တိုင်း၌ လူတန်းစား အလွှာအသီးသီး၊ လူတန်းစားမရွေး ထိရောက်စွာ ပါဝင်ခွင့် ရရှိရေးပင် ဖြစ်ပါသည်။ သို့မှသာ လူထုက စီမံကိန်းလုပ်ငန်းများအပေါ် ပိုင်ရှင်စိတ်ဓာတ် ရှိလာပါမည်။ လူထု၏ ပိုင်ရှင် စိတ်ဓာတ်ရှိလာလေလေ ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်များ၏ လုပ်ငန်းလည်ပတ်ရေး၊ ပြုပြင် ထိန်းသိမ်းရေးအတွက် လူထုပါဝင်မှု အားကောင်းလေလေ ဖြစ်ပါမည်။ ၎င်းဖွံ့ဖြိုးရေး လုပ်ငန်းများ လည်ပတ်စရိတ်၊ ပြုပြင်စရိတ် စသည်တို့အတွက် လူထု၏ထည့်ဝင်မှု၊ ပူးပေါင်းပါဝင်မှု မရှိလျှင် တည်ထောင်ပြီးသော ဖွံ့ဖြိုးရေး လုပ်ငန်းများ မတည်မြဲ နိုင်ပါ။

အကောင်အထည်ဖော် ဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ၏ လုပ်ငန်းရည်ရွယ်ချက်နှင့် သဘော သဘာဝများမှာ လုပ်ငန်းအလိုက် ကွဲပြားပါသည်။ ထို့ကြောင့် လုပ်ငန်းလည်ပတ်ရေးနှင့် ပြုပြင် ထိန်း သိမ်းရေး အစီအစဉ်များအတွက် စီစဉ်ဆောင်ရွက်ပုံများမှာလည်း ကွဲပြားပါသည်။ ကျေးရွာတွင်း ဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများအလိုက် လုပ်ငန်းများ လည်ပတ်ရေး၊ ပြုပြင်ထိန်းသိမ်းရေး အတွက် သက်ဆိုင်ရာအဖွဲ့များကို အောက်ပါပုံစံများဖြင့် ဆောင်ရွက်နိုင်ရန် စီစဉ်သွားမည် ဖြစ်ပါသည်။

## ၁၁။ စီမံကိန်း ကြီးကြပ်စစ်ဆေးခြင်း နှင့် အကဲဖြတ်သုံးသပ်ခြင်း

ကျေးရွာ၏ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် အကောင်အထည်ဖော်ရာတွင် တိုးတက်မှု အခြေအနေ များအား စနစ်တကျ ကြီးကြပ်စစ်ဆေး အကဲဖြတ်ကြပါမည်။ အစကနဦး၌ ကြီးကြပ် စစ်ဆေး အကဲဖြတ်ခြင်းလုပ်ငန်းကို ရိုးရှင်းလွယ်ကူသော နည်းလမ်းများဖြင့် ဆောင်ရွက်ပါမည်။ သို့မှသာ ရည်ရွယ်သည့်အတိုင်း ကြီးကြပ်စစ်ဆေး အကဲဖြတ်သည့် လုပ်ငန်းကို ပြီးမြောက်အောင် ဆောင်ရွက်နိုင် ပါလိမ့်မည်။ ကြီးကြပ်စစ်ဆေးသုံးသပ်ရခြင်း၏ ရည်ရွယ်ချက်များမှာ -

- စီမံကိန်းလုပ်ငန်းများ၏ တိုးတက်မှုများအား အမြဲမပြတ်ကြည့်ရှု၍ စီမံခန့်ခွဲရန် ၊
- ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်၏ ပြီးမြောက်အောင်မြင်မှုများအား လေ့လာခြင်းအားဖြင့် ၎င်းတို့၏ အကျိုးရလဒ်များကို ရှင်းလင်းစွာ နားလည် သဘောပေါက်လာစေရန်၊
- ဖြစ်ပေါ်လာသည့် စိန်ခေါ်မှုများကို ဖော်ထုတ်သိရှိနိုင်ရန်နှင့် ဦးစားပေး ဖြေရှင်းရမည်များကို သတ်မှတ်ဆောင်ရွက်နိုင်ရန်၊
- ဆောင်ရွက်နေသော စီမံကိန်းအတွေ့အကြုံများအပေါ်တွင် အခြေခံ၍ အသုံးပြုနေသော ဖွံ့ဖြိုးရေး ဗျူဟာကို ချိန်ညှိနိုင်ခြင်းအားဖြင့် သင့်လျော်သော ဖွံ့ဖြိုးရေးအစီအစဉ်များ ရွေးချယ် ဆောင်ရွက် နိုင်ရန်၊

- နိုင်ငံတော်အစိုးရ အဖွဲ့အစည်းများနှင့် အခြားဖွံ့ဖြိုးရေးမိတ်ဖက် အဖွဲ့အစည်းများထံမှ လိုအပ်သော ဖွံ့ဖြိုးရေး အကူအညီများ တိတိကျကျ သတ်မှတ်နိုင်ရန်၊

လူထုဗဟိုပြု၍ အားလုံးပူးပေါင်းပါဝင်သော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် အကောင်အထည်ဖော်သော နည်းလမ်းကို လက်ကိုင်ကျင့်သုံးသည့်အလျောက် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုး ရေးလုပ်ငန်းများကို ကြီးကြပ်စစ်ဆေး သုံးသပ်ရာတွင် ကျေးရွာအတွင်းရှိ အဖွဲ့အစည်းများ၊ အိမ်ထောင်စုများ တက်ကြွစွာ အတူပူးပေါင်းပါဝင်လာအောင် ဆောင်ရွက်ပါမည်။ ဤသို့ဆောင်ရွက်နိုင်ရန် သင့်တော်သော အဖွဲ့အစည်းစနစ်၊ လုပ်ထုံးလုပ်ငန်းများ တည်ဆောက်ပါမည်။

## (က) ကြီးကြပ်စစ်ဆေးခြင်း

အထူးသဖြင့် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်၏ လုပ်ငန်းပိုင်းဆိုင်ရာ တိုးတက်မှုနှင့် ငွေကြေးဆိုင်ရာတိုးတက်မှုတို့ကို စနစ်တကျ ကြီးကြပ်စစ်ဆေးပါမည်။ ၎င်းစစ်ဆေးခြင်းကို (၃) လပတ် အစီအစဉ်ဖြင့် ဆောင်ရွက်ပါမည်။ ကြီးကြပ်စစ်ဆေးခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးရေး ကော်မတီ၏ စီစဉ်မှုဖြင့် သက်ဆိုင်ရာစီမံကိန်း လုပ်ငန်းအလိုက် တာဝန်ယူဆောင်ရွက်နေသော အဖွဲ့ခွဲ အသီးသီးတို့က မိမိတို့ တာဝန်ကျရာကဏ္ဍအလိုက် စစ်ဆေး သုံးသပ်ပါမည်။

အဖွဲ့ခွဲများသည် မိမိတို့၏ စီမံကိန်းဆိုင်ရာ ကနဦး သတင်းအချက်အလက်များ ရရှိအောင် ဆောင်ရွက်ကြပါမည်။ ယင်းအခြေခံ သတင်းအချက်အလက်များသည် စီမံကိန်း၏ တိုးတက်မှုကို တိုင်းတာမည့် အညွှန်းကိန်းများ ဖြစ်လာပါမည်။ (၃)လပတ် ကုန်ဆုံးချိန်တိုင်းတွင် ကော်မတီနှင့် အဖွဲ့အသီးသီးသည် ၎င်းတို့၏ ကြီးကြပ်စစ်ဆေးတွေ့ရှိမှု အစီရင်ခံစာကို ရွာလူထုအစည်းအဝေး၌ အစီရင်ခံတင်ပြပါမည်။ ဆက်လက်ညှိနှိုင်း ဆောင်ရွက်ရမည့်ကိစ္စများကို ကျေးရွာဖွံ့ဖြိုးမှုကော်မတီမှ ဦးဆောင်ပါမည်။ (၃)လပတ် ကြီးကြပ်စစ်ဆေးမှုအစီရင်ခံစာသည် အောက်ပါအချက်များအပေါ် ဦးတည်ပါမည်။

## (၁) လုပ်ငန်းပိုင်းဆိုင်ရာတိုးတက်မှု

- စီမံကိန်းလုပ်ငန်းများလုပ်ငန်းပိုင်းတိုးတက်မှုနှင့် ပြီးမြောက်မှုအတိုင်းအတာ
- အကောင်အထည်ဖော်ရာတွင် ကြုံတွေ့ရသော အခက်အခဲ အဟန့်အတားများနှင့် ပြုပြင်သင့်သော အဆိုပြုချက်များ၊
- ပြုပြင်ပြောင်းလဲဆောင်ရွက်ရန် လိုအပ်သော ဖွံ့ဖြိုးရေးဗျူဟာ နှင့် စီမံကိန်းများ၊

## (၂) ငွေကြေးဆိုင်ရာတိုးတက်မှု

- ငွေသားနှင့်ငွေသားမဟုတ်သော အရင်းအနှီး လိုအပ်ချက်များ စုစည်းပြီးစီးမှု (မူလလျာထားချက်နှင့် နှိုင်းယှဉ်၍)၊
- (၃) လပတ်ကုန်တွင် ရှိသော ငွေသားနှင့် အခြားပစ္စည်း လက်ကျန်၊
- ငွေသားနှင့် ငွေသားမဟုတ်သော အရင်းအမြစ်များ စုဆောင်းရာတွင် ကြုံတွေ့နေရသော အခက်အခဲများ၊ ပြဿနာများ၊
- ငွေကြေးစုဆောင်း ပြင်ဆင်မှု တိုးတက်ရန် အဆိုပြုနည်းလမ်းများ၊

ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် (၃) လပတ် ကြီးကြပ်စစ်ဆေးမှု အစီရင်ခံစာအနှစ်ချုပ်ကို ပြုစုပြင်ဆင်ပြီး သက်ဆိုင်ရာ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး နှင့် သက်ဆိုင်ရာ မြို့နယ်ဦးစီးဌာနများသို့ အစီရင်ခံ ပေးပို့ပါမည်။ စာမျက်နှာ (၂-၃) ခန့် ပါဝင်သော အစီရင်ခံစာတွင် အခက်အခဲနှင့် ရင်ဆိုင်ကျော်လွှားမှုများ၊ ကျေးရွာသူ/သားများ ပြုပြင်ပြောင်းလဲ ဆောင်ရွက်မည့် အစီအစဉ်များ၊ လိုအပ်သော အကူအညီ အထောက်အပံ့များ စသည်တို့ ပါဝင်ပါမည်။

## (ခ) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ပွဲ

စီမံကိန်းကာလ နှစ်တစ်နှစ် ကုန်ဆုံးချိန်တွင် စီမံကိန်း၏ တိုးတက်မှုအခြေအနေကို ဘက်စုံရှုထောင့်စုံမှ ပြန်လည်သုံးသပ် အကဲဖြတ်ကြပါမည်။ ဤနှစ်ပတ်လည် သုံးသပ်တွေ့ဆုံပွဲ၏ ရည်ရွယ်ချက်မှာ ဆောင်ရွက်နေသော ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများ၏ တိုးတက်မှု အခြေအနေများကို အောက်ပါအဖွဲ့အစည်း/ ပုဂ္ဂိုလ်များအား ဖိတ်ကြား အသိပေးတင်ပြနိုင်သော အခွင့်အလမ်း ဖန်တီးနိုင်ရန် ဖြစ်ပါသည်။ ဖိတ်ကြားမည့် အဖွဲ့အစည်းများမှာ -

- ကျေးရွာအုပ်စုအုပ်ချုပ်ရေးအဖွဲ့၊
- မြို့နယ်အုပ်ချုပ်ရေးနှင့် အခြားသက်ဆိုင်ရာ အဖွဲ့အစည်းများ(ငွေကြေးထည့်ဝင်သူများ၊ ပုဂ္ဂလိက လုပ်ငန်းရှင်များ)၊
- ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းများနှင့် သက်ဆိုင်သော မြို့နယ်ဦးစီးဌာနများ၊
- သတင်းမီဒီယာများ၊
- ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများ (ဥပမာ - မြို့နယ်အတွင်းရှိ အင်ဂျီအို အဖွဲ့များ) စသည်တို့ ဖြစ်ပါသည်။

နှစ်ပတ်လည်သုံးသပ်ပွဲတွင် ကျေးရွာ၏ ဖွံ့ဖြိုးရေးမိတ်ဖက် အဖွဲ့အစည်းများနှင့် အခြားပါဝင်သက်ဆိုင်သူများ ထံမှ အကြံပြုချက်၊ သုံးသပ်ချက်များ ရယူနိုင်သော အခွင့်အလမ်းကိုလည်း ရရှိပါမည်။ ဤအကြံပြုချက်များဖြင့် ကျေးရွာ၏ဖွံ့ဖြိုးရေးအစီအစဉ်ကို ပြန်လည်ပြုပြင် ဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။

နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် သုံးသပ်ပွဲတွင် အောက်ပါအချက်များအပေါ် အဓိက အလေးထား ဆောင်ရွက်ပါမည်။

- စီမံကိန်းလုပ်ငန်းများမှ ရရှိခဲ့သော လက်ငင်းရလဒ်များ နှင့် အကျိုးသက်ရောက်မှုများ၊
- စီမံကိန်းတစ်ခုချင်းစီ၏ ကျေးရွာလူထုဖွံ့ဖြိုးရေးအပေါ် အကျိုးသက်ရောက်မှုများအား အကဲဖြတ်သုံးသပ်ချက်များ၊
- ဖွံ့ဖြိုးရေးအစီအစဉ်များ အကောင်အထည်ဖော်ရာတွင် ကြုံတွေ့ရသည့် အခက်အခဲများနှင့် စိန်ခေါ်မှုများ၊
- ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အောင်မြင်ရေးအတွက် ဗဟိုအဆင့်မှ ကူညီအားဖြည့်ရမည့် မူဝါဒနှင့် စီမံကိန်းအထောက်အပံ့များ လိုအပ်မှု အခြေအနေ၊

- ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်မှုမှ ရရှိသော သင်ခန်းစာများ (အခြားရွာများနှင့် အခြား ဒေသရွာများသို့ အပြန်အလှန်မျှဝေနိုင်ရန်)
- ဘတ်ဂျက်ရရှိမှုနှင့် လုံလောက်မှု အခြေအနေ
- အကြံပြု သုံးသပ်ချက်များ

နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ် သုံးသပ်ပွဲ အစီရင်ခံစာကို ကျေးရွာဖွံ့ဖြိုးရေး ကော်မတီက အနှစ်ချုပ် ပြုစုပြင်ဆင်၍ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးထံ အစီရင်ခံပါမည်။ အစီရင်ခံစာသည် စာမျက်နှာ (၂-၃) မျက်နှာခန့် ပါဝင်၍ အောက်ပါအချက်များကို အဓိကထား ဖော်ပြပါမည်။

- ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်း ဆောင်ရွက်ရာတွင် အဓိကအကျဆုံးသော အရေးကြီးသည့်အကြောင်းအရာ နှင့် စိန်ခေါ်မှုများ
- ပြုပြင်ဆောင်ရွက်ရမည့် အဆိုပြု အစီအစဉ်
- နိုင်ငံတော် အစိုးရအဖွဲ့အစည်းများထံမှ လိုအပ်သည့် အကူအညီ စသည်တို့ ဖြစ်ပါသည်။

**(ဂ) နည်းပညာဆိုင်ရာ အကူအညီ**

ယခုကဲ့သို့ ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲခြင်းနှင့် စီမံဆောင်ရွက်စဉ် အစကနဦး ကာလတွင် အချိန်ပိုင်းအလိုက် လေ့လာစောင့်ကြည့်ခြင်းနှင့် အကဲဖြတ်ခြင်းဆိုင်ရာကဲ့သို့ နည်းပညာ အကူအညီများကို မြို့နယ်အဖွဲ့အစည်းများထံမှ လိုအပ်မည်ဖြစ်သည်။

## ကျေးရွာဖွံ့ဖြိုးရေးစီမံချက် ရေးဆွဲရေး အထောက်အကူပြု ဇယားများ

### ၁။ ကျေးရွာလူမှုစီးပွားရေးအခြေအနေ

### ၁.၁။ လူဦးရေနှင့် လူဦးရေဆိုင်ရာအချက်အလက်များ

ဇယား (၁) တောင်ကိုင်းကျေးရွာ၏ လူဦးရေနှင့် လူဦးရေဆိုင်ရာအချက်အလက်များ

| အသက်အုပ်စု | ကျား | မ | စုစုပေါင်း | စုစုပေါင်း၏ % | ဖွံ့ဖြိုးရေးအမြင်အရခွဲခြားထားပုံ |
|---|---|---|---|---|---|
| ၁ နှစ်အောက် | ၅ | ၅ | ၁၀ | ၁.၁၃% | နို့စို့အရွယ် |
| ၅ နှစ်အောက် | ၃၃ | ၂၈ | ၆၁ | ၆.၉% | ၅ နှစ်အောက်ကလေးငယ် |
| ၅ နှစ်မှ၉ နှစ်အကြား | ၂၅ | ၄၂ | ၆၇ | ၇.၅၈% | မူလတန်းအရွယ် |
| ၁၀-၁၄ နှစ်အကြား | ၃၅ | ၃၉ | ၇၄ | ၈.၃၈% | အလယ်တန်းအရွယ် |
| ၁၅ နှစ်မှ ၆၀နှစ်ကြား | ၂၉၆ | ၃၃၂ | ၆၂၈ | ၇၁.၁၂% | အလုပ်လုပ်နိုင်သောအရွယ် |
| ၆၀ နှစ် နှင့်အထက် | ၁၄ | ၂၉ | ၄၃ | ၄.၈၇% | အသက်ကြီးရွယ်ကြီး |
| စုစုပေါင်း | ၄၀၈ | ၄၇၅ | ၈၈၃ | ၁၀၀% | |

**ရည်ညွှန်း-** ကျေးရွာအခြေအနေကိုရွာသူရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်း မှ ရရှိသော သတင်းအချက်အလက်များနှင့် မိုးမိတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာန နှင့် ယူအင်အိုပီအက်စ် ပီအာအေ အဖွဲ့တို့ ပူးပေါင်းကောက်ကူသည့်အိမ်ထောင်စုအခြေခံ သတင်းအချက်အလက်များ(၁၆-၁၈၊ ဩဂုတ်လ၊ ၂၀၁၅)

**လေ့လာတွေ့ရှိချက်** ။ ။ တောင်ကိုင်းကျေးရွာသည် မိုးမိတ်မြို့အနောက်ဘက် ၄ မိုင်ခန့်အကွာ မိုးမိတ်-တွင်းငယ် ကားလမ်း(ကျောက်ခင်းလမ်း)ဘေး တောင်ကိုင်းအုပ်စုရွာကြီးဖြစ်ပါသည်။ ကျေးရွာအတွင်း အိမ်ခြေစုစုပေါင်း ၁၈၆ အိမ်အခြေချနေထိုင်ပြီး လူဦးရေ(ကျား၊မ)စုစုပေါင်း ၈၈၃ ဦးရှိသောကြောင့် တစ်အိမ်လျှင် ၄.၇ဦးနှုန်း နေထိုင်လျှက်ရှိသည်ဟု ဆိုရမည်ဖြစ်ပါသည်။ လူဦးရေစုစုပေါင်းတွင် အမျိုးသမီးဦးရေက ၆၇ ဦးထိ ပိုပါသည်။ နို့စို့အရွယ်တွင်ကွာခြားမှုမရှိပဲ အသက်၅နှစ်အောက်တွင် ယောက်ကျားလေးဦးရေက ၅ ဦးပိုပါသည်။ မူလတန်းအရွယ်တွင် ၁၇ဦး၊အလယ်တန်းအရွယ်တွင် ၄ဦး၊အလုပ်လုပ်နိုင်သောအသက်အရွယ်တွင် ၃၆ ဦးနှင့် သက်ကြီးအရွယ်တွင်၁၄ဦး အမျိုးသမီးဦးရေက ပိုပါသည်။ အထူးသဖြင့် အလုပ်လုပ်နိုင်သောအသက်အရွယ်တွင် ၃၆ ဦး ထိပိုခြင်းကြောင့် အမျိုးသမီးလုပ်သားအင်အားစုအားကောင်းသည်ဟု ဆိုနိုင်ပါသည်။ သက်ကြီးရွယ်ကြီးတွင်လည်း အမျိုးသမီးဦးရေက၂ဆပိုနေခြင်းသည်လည်း သိသာထင်ရှားသော အချက်တစ်ချက်ဖြစ်ပါသည်။ ထို့ပြင် အမျိုးသမီးဦးဆောင် အိမ်ထောင်စု ၅၉စုရှိသဖြင့် ၃၁.၇၂% ထိရှိနေပါသည်။ အကြောင်းရင်းမှာ ရွှေလီသစ်ကွင်းသို့ အမျိုးသားများသွား

ရောက်လုပ်ကိုင်ရာမှ ဆေးစွဲကာသေဆုံးသူများ၊ထောင်ကျသူများ သို့မဟုတ် အိမ်သို့ပြန်ရောက်မလာသူများကြောင့် ဖြစ်သည်ဟုဆိုပါသည်။ ယင်း၅၉စုအနက် ၂၇စုမှာ ကျပမ်းလုပ်ကိုင်စားနေရပြီး ကျန် ၃၂ စုတွင် စစ်သား အမေ ၁ဦး၊ ဗေဒင်ဆရာမ ၁ဦး၊ ဝန်ထမ်း၁ဦး၊ ဈေးလှည့်ရောင်းသူ ၂ဦး၊ အကြော်ရောင်း ၁ဦးနှင့် တောင်သူ ၂၆ဦးစုစုပေါင်း ၃၂ဦးဖြစ်ပါသည်။

## ၁.၂ လုပ်သားအင်အား

**ဇယား ၂။ ။ တောင်ကိုင်းရွာ ဝင်ငွေရလုပ်ငန်းများ**

| စဉ် | လုပ်ငန်း | အဓိကအလုပ်အကိုင်( အိမ်ထောင်စု) | % | အခြားဝင်ငွေရလုပ်ငန်း (လူဦးရေ) | မှတ်ချက် |
|---|---|---|---|---|---|
| ၁ | **စိုက်ပျိုးရေးလုပ်ငန်း(သီးနှံထုတ်လုပ်ရေး)** | | | | |
| | စီးပွားရေးလုပ်ငန်း၊ကိုယ်ပိုင်အလုပ် | ၆၃-လယ်ပိုင်<br>၁-သီးနှံပွဲစား<br>၁-မှိုပျိုး | ၃၄.၉ | | |
| | ဝန်ထမ်း၊နေ့စား၊အခစားလုပ်သား<br>ကူညီလုပ်ကိုင်သူမိသားစုဝင် | ၄၃ | ၂၃.၁၁ | | |
| ၂ | **မွေးမြူရေးလုပ်ငန်း** | | | | |
| | စီးပွားရေးလုပ်ငန်း၊ကိုယ်ပိုင်အလုပ် | ဝက်ဒိုင် ၁ | ၀.၅၃ | | |
| | ဝန်ထမ်း၊နေ့စား၊အခစားလုပ်သား<br>ကူညီလုပ်ကိုင်သူမိသားစုဝင် | | | | |
| ၃ | **ငါးမွေးမြူရေးလုပ်ငန်း** | | | | |
| | စီးပွားရေးလုပ်ငန်း၊ကိုယ်ပိုင်အလုပ် | | | | |
| | ဝန်ထမ်း၊နေ့စား၊အခစားလုပ်သား<br>ကူညီလုပ်ကိုင်သူမိသားစုဝင် | | | | |
| ၄ | **သတ္တုတွင်း၊ ကျောက်တူးဖော်ခြင်းနှင့် သဘာဝအရင်းအမြစ်ထုတ်ယူသုံးစွဲသောလုပ်ငန်းများ** | | | | |
| | စီးပွားရေးလုပ်ငန်း၊ကိုယ်ပိုင်အလုပ် | | | | |
| | ဝန်ထမ်း၊နေ့စား၊အခစားလုပ်သား<br>ကူညီလုပ်ကိုင်သူမိသားစုဝင် | | | | |
| ၅ | **ထုတ်ကုန်လုပ်ငန်းများ** | | | | |
| | စီးပွားရေးလုပ်ငန်း၊ကိုယ်ပိုင်အလုပ် | သစ်စက်၁<br>(ငှက်ပျောခြမ်း) | ၀.၅၃ | | |
| | ဝန်ထမ်း၊နေ့စား၊အခစားလုပ်သား<br>ကူညီလုပ်ကိုင်သူမိသားစုဝင် | | | | |
| ၆ | **လျှပ်စစ်၊ သဘာဝဓါတ်ငွေ့နှင့်ရေပေးဝေရေး** | | | | |
| | စီးပွားရေးလုပ်ငန်း၊ကိုယ်ပိုင်အလုပ် | | | | |
| | ဝန်ထမ်း၊နေ့စား၊အခစားလုပ်သား<br>ကူညီလုပ်ကိုင်သူမိသားစုဝင် | | | | |
| ၇ | **ဆောက်လုပ်ရေး၊ လက်သမားနှင့် ပန်းရံလုပ်ငန်းများ** | | | | |
| | စီးပွားရေးလုပ်ငန်း၊ကိုယ်ပိုင်အလုပ် | လက်သမား၂<br>ပန်းရံ ၁ | ၁.၀၇<br>၀.၅၃ | ၁-တောင်သူတွဲ | |

| စဉ် | လုပ်ငန်း | အဓိကအလုပ်အကိုင်( အိမ်ထောင်စု) | % | အခြားဝင်ငွေရလုပ်ငန်း (လူဦးရေ) | မှတ်ချက် |
|---|---|---|---|---|---|
| | ဝန်ထမ်း၊နေ့စား၊အခစားလုပ်သား | | | | |
| | ကူညီလုပ်ကိုင်သူမိသားစုဝင် | | | | |
| ၈ | **ယာဉ်ကားစက်ပြင်နှင့် အိမ်တွင်း စက်ပစ္စည်းကိရိယာများ ပြုပြင်ခြင်းလုပ်ငန်း** | | | | |
| | စီးပွားရေးလုပ်ငန်း၊ကိုယ်ပိုင်အလုပ် | ဆိုင်ကယ်ပြင်၁ | ဝ.၅၃ | ကွမ်းယာဆိုင်၁ | |
| | ဝန်ထမ်း၊နေ့စား၊အခစားလုပ်သား | | | | |
| | ကူညီလုပ်ကိုင်သူမိသားစုဝင် | | | | |
| ၉ | လက်လီလက်ကား (ကုန်စုံဆိုင်စသည်) ရောင်းဝယ်ရေးအမျိုးမျိုး | | | | |
| | စီးပွားရေးလုပ်ငန်း၊ကိုယ်ပိုင်အလုပ် | အိမ်ဈေးဆိုင်၁ | ဝ.၅၃ | ၂တောင်သူတွဲ | |
| | ဝန်ထမ်း၊နေ့စား၊အခစားလုပ်သား | | | | |
| | ကူညီလုပ်ကိုင်သူမိသားစုဝင် | | | | |
| ၁၀ | ဝန်ဆောင်မှုလုပ်ငန်းများ (ဆံသ၊စက်ချုပ်၊အင်ဂျင်နီယာ၊သင်တန်း စသည်) | | | | |
| | စီးပွားရေးလုပ်ငန်း၊ကိုယ်ပိုင်အလုပ် | စက်ချုပ်၃ | ဝ.၅၃ | ကျပမ်း၂၊စက်ချုပ်၅(တောင်သူ၃ + ကျပမ်း၂) ဆံသ၁ | |
| | | ဗေဒင်ဆရာမ၁ | ဝ.၅၃ | | |
| | ဝန်ထမ်း၊နေ့စား၊အခစားလုပ်သား | | | | |
| | ကူညီလုပ်ကိုင်သူမိသားစုဝင် | | | | |
| ၁၁ | ဟိုတယ်၊တည်းခိုခန်းနှင့်စားသောက်ဆိုင် | | | | |
| | စီးပွားရေးလုပ်ငန်း၊ကိုယ်ပိုင်အလုပ် | ကွမ်းယာ ၂ | ၁.၀၇ | ကွမ်းယာဆိုင်(ဆိုင်ကယ်ပြင်) ၁ | |
| | | အကြော်သည်၂ | ၁.၀၇ | | |
| | ဝန်ထမ်း၊နေ့စား၊အခစားလုပ်သား | | | | |
| | ကူညီလုပ်ကိုင်သူမိသားစုဝင် | | | | |
| ၁၂ | ပို့ဆောက်ဆက်သွယ်ရေး နှင့် ကုန်စည်သိုလှောင်မှုလုပ်ငန်းများ | | | | |
| | စီးပွားရေးလုပ်ငန်း၊ကိုယ်ပိုင်အလုပ် | | | | |
| | ဝန်ထမ်း၊နေ့စား၊အခစားလုပ်သား | | | | |
| | ကူညီလုပ်ကိုင်သူမိသားစုဝင် | | | | |
| ၁၃ | ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများ(ဘဏ်လုပ်ငန်းနှင့်ငွေတိုးချေးခြင်းအပါအဝင်ဘဏ္ဍာရေးလုပ်ငန်းများ) | | | | |
| | စီးပွားရေးလုပ်ငန်း၊ကိုယ်ပိုင်အလုပ် | | | | |
| | ဝန်ထမ်း၊နေ့စား၊အခစားလုပ်သား | | | | |
| | ကူညီလုပ်ကိုင်သူမိသားစုဝင် | | | | |
| ၁၄ | အိမ်၊ခြံ၊မြေရောင်းဝယ်ငှား နှင့်အလားတူလုပ်ငန်းများ | | | | |
| | စီးပွားရေးလုပ်ငန်း၊ကိုယ်ပိုင်အလုပ် | | | | |
| | ဝန်ထမ်း၊နေ့စား၊အခစားလုပ်သား | | | | |
| | ကူညီလုပ်ကိုင်သူမိသားစုဝင် | | | | |
| ၁၅ | ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ၊ ကာကွယ်ရေး၊လူမှုလုံခြုံရေးစသည် | | | | |
| | စီးပွားရေးလုပ်ငန်း၊ကိုယ်ပိုင်အလုပ် | | | | |
| | ဝန်ထမ်း၊နေ့စား၊အခစားလုပ်သား | စစ်သား ၄ | ၂.၁၅ | ဌာနမသိဝန်ထမ်း ၁၄-ကျေးလက်၁ | |

| စဉ် | လုပ်ငန်း | အဓိကအလုပ်အကိုင်( အိမ်ထောင်စု) | % | အခြားဝင်ငွေရလုပ်ငန်း (လူဦးရေ) | မှတ်ချက် |
|---|---|---|---|---|---|
| | ကူညီလုပ်ကိုင်သူမိသားစုဝင် | ဝန်ထမ်း၂ | ၁.၀၇ | (တာင်သူလယ်ပိုင်) ကျပမ်းတွဲ | |
| ၁၆ | ပညာရေး<br>စီးပွားရေးလုပ်ငန်း၊ကိုယ်ပိုင်အလုပ်<br>ဝန်ထမ်း၊နေ့စား၊အခစားလုပ်သား<br>ကူညီလုပ်ကိုင်သူမိသားစုဝင် | ဆရာမ၁ | ၀.၅၃ | ဆရာမ၁-တောင်သူ | |
| ၁၇ | ကျန်းမာရေး<br>စီးပွားရေးလုပ်ငန်း၊ကိုယ်ပိုင်အလုပ်<br>ဝန်ထမ်း၊နေ့စား၊အခစားလုပ်သား<br>ကူညီလုပ်ကိုင်သူမိသားစုဝင် | | | | |
| ၁၉ | လူမှုရေးလုပ်ငန်းများ<br>စီးပွားရေးလုပ်ငန်း၊ကိုယ်ပိုင်အလုပ်<br>ဝန်ထမ်း၊နေ့စား၊အခစားလုပ်သား<br>ကူညီလုပ်ကိုင်သူမိသားစုဝင် | | | | |
| ၂၀ | အိမ်များတွင် အငှားလိုက်လုပ်သားများ နှင့် အမျိုးအမည်ခွဲခြား မရနိုင်သော ထုတ်လုပ်မှုလုပ်ငန်းများ<br>စီးပွားရေးလုပ်ငန်း၊ကိုယ်ပိုင်အလုပ်<br>ဝန်ထမ်း၊နေ့စား၊အခစားလုပ်သား<br>ကူညီလုပ်ကိုင်သူမိသားစုဝင် | ၅၆ | ၃၀.၁ | ရွာဆော်၁၊ | |
| ၂၁ | ပြင်ပအဖွဲ့အစည်းများ<br>စီးပွားရေးလုပ်ငန်း၊ကိုယ်ပိုင်အလုပ်<br>ဝန်ထမ်း၊နေ့စား၊အခစားလုပ်သား<br>ကူညီလုပ်ကိုင်သူမိသားစုဝင် | | | | |
| | **စီးပွားရေးလုပ်ငန်းများတွင်ပါဝင်လုပ်ကိုင်နေသူအိမ်ထောင်စု စုစုပေါင်း** | ၁၈၆ | | | |

**ရည်ညွှန်း-** ကျေးရွာအခြေအနေကို ရွာသူရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၁၆-၁၈၊ ဩဂုတ်လ၊ ၂၀၁၅)

**လေ့လာတွေ့ရှိချက်** ။ ။ တောင်ကိုင်းရွာတွင် လယ်ပိုင်ယာပိုင်တောင်သူဦးရေ ၆၃ အိမ်ထောင်စုရှိပြီး ကျပမ်း ၅၆ဦးရှိကာ စုစုပေါင်း အိမ်ထောင်စု၏ ၃၃.၈၇% နှင့် ၃၀.၁% စီအသီးသီးရှိကြပါသည်။ တောင်သူအငှား ၄၃ အိမ်ထောင်စုရှိသဖြင့် ၂၃.၁၂% ရှိပါသည်။ ထူးခြားချက်မှာ ဝန်ထမ်းစုစုပေါင်း ၂၃ ဦးရှိပြီး ၁၇ ဦးမှာ တောင်သူလယ်ပိုင်မိသားစုမှဖြစ်ကာ ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာန၏ဝန်ထမ်း ၁ဦးနှင့် ဆရာမ ၁ဦး နှင့် ကျောင်းဝန်ထမ်း၁ဦး ဖြစ်ကာ ဌာနမသိဝန်ထမ်း ၁၄ဦးဖြစ်ပါသည်။ ကျပမ်းမိသားစုတွဲဝန်ထမ်းမိသားစု၂စုရှိလာပြီး စစ် သား ၄ဦးရှိပါသည်။ ငါးကန်လုပ်ငန်းလုပ်သူ အိမ်ထောင်စုတစ်စုရှိကာ ကန်၄ကန် (၀.၃၈ကေ၁ကန်+စုစုပေါင်း၂.၅၈ကေ အကျယ်အဝန်းရှိကန်၃ကန်) ဖြစ်သည်ဟုဆိုသော်လည်း အိမ်ထောင်စုစာရင်းကောက်ယူမှုတွင် ထည့်သွင်းဖော်ပြခြင်းမရှိပါ။ ကန်များမှာလည်း ရွာဧရိယာအတွင်းမှ အတန်ငယ်အလှမ်းကွာသော ချောင်းအထက်တွင်ရှိသည်ဟုသာ ယေဘူယျပြောနိုင်ပါသည်။ တိကျ

သည့် အချက်အလက်မရရှိနိုင်သောကြောင့် အထက်ဖော်ပြပါဇယား ၂တွင် ထည့်သွင်းထားခြင်းမရှိပါချေ။

## ၁.၃ စိုက်ပျိုးနိုင်သောမြေဧရိယာ

### ၁.၃.၁ ကျေးရွာ၏ စိုက်ပျိုးမြေဧရိယာ (မြေအသုံးချမှု)

**ဇယား ၃ ။ တောင်ကိုင်းရွာ စိုက်ပျိုးမြေဧရိယာနှင့်ရေအရင်းမြစ်အခြေအနေ**

| မြေအမျိုးအစား | ပမာဏ (ဧက) | မြေအရည်အသွေး | ဆည်ရေရရှိမှု | ရေအရင်းအမြစ် ရရှိနိုင်မှု | မှတ်ချက် |
|---|---|---|---|---|---|
| လယ်မြေ | ၃၉၁.၅ | ကောင်း | မရှိ | ကင့်နွယ်ချောင်းနှင့် ဝါးပိုးချောင်း | |
| ယာမြေ | ၁၈ | ကောင်း | မရှိ | မိုးရေ | |
| ဥယျာဉ်ခြံမြေ | ၁ | ကောင်း | မရှိ | မိုးရေ | |
| စားကျက်မြေ | ၄၀ | ညံ့ | မရှိ | မိုးရေ | |
| အခြား(ရွာဘုံ)လယ် | ၁၆ | ကောင်း | မရှိ | ကင့်နွယ်ချောင်းနှင့် ဝါးပိုးချောင်း | |
| **စုစုပေါင်း** | **၄၆၆.၅** | | | | |

**ရည်ညွှန်း**- ကျေးရွာအခြေအနေကို ရွာသူရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၁၆-၁၈၊ ဩဂုတ်လ၊ ၂၀၁၅)

**လေ့လာတွေ့ရှိချက်** ။ ။ တောင်ကိုင်းရွာ စိုက်ပျိုးမြေစုစုပေါင်း ၄၆၆.၅ဧကရှိရာ ရွာဘုံပိုင်လယ် ၁၆ဧကဖြစ်သဖြင့် ၄၅၀.၅ဧက ကို လယ်ပိုင်ယာပိုင်အဖြစ်ဖော်ထုတ်သူ ၆၃ဦးရှိသောကြောင့် ပျမ်း မျှ အား ဖြင့် လယ်သမားတစ်အိမ်ထောင်လျှင် ၇.၁၅ဧကနှုန်းပိုင်ဆိုင်သည်ဟု ဆိုနိုင်ပါသည်။ ထို့ကြောင့်တောင်သူလတ်က အများစုဖြစ်သည်ဟုဆိုနိုင်ပါသည်။ လူဦးရေ၏ ၃၄.၉၉ %သာ လယ်ပိုင်ယာပိုင်ရှိသည်ဟု ဆိုရမည်ဖြစ်ပါသည်။ စိုက်ပျိုးရေနေဖြင့်မှု လယ်မြေများအတွက် ကင့်နွယ်ချောင်းနှင့်ဝါးပိုးချောင်းမှရေကိုအား ထားရပြီး ယာမြေများအတွက်မှု မိုးကောင်းသောက်ကိုသာ အဓိကထားရယူကြပါသည်။

### ၁.၃.၂ ဓါတ်သတ္တုနှင့်အခြားသဘာဝအရင်းအမြစ်များ

**ဇယား ၄။ ။ တောင်ကိုင်းရွာ ဓါတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ**

| အမျိုးအစား | ရရှိနိုင်မှု များ/သင့်/နည်း/မရှိ) | လက်လှမ်းမှီနိုင်မှု (လွယ်/ခက်/ လက်လှမ်းမမှီ) |
|---|---|---|
| ကာဗွန် (ဓါတ်ငွေ့/ရေနံ) | မရှိ | |
| ဓါတ်သတ္တု(ကျောက်မျက်၊သတ္တု၊ကျောက်၊ ကျောက်မီးသွေး၊ သဲ) စသည့် အခြားသဘာဝအရင်းအမြစ် | | |
| တိရိစ္ဆာန်မျိုးစိတ်များ | ချေ၊တောဝက်တွေ့ရသေး | ခက် |
| အပင်မျိုးစိတ်များ(နွားစာ၊ဆေးဘက်ဝင်အပင်များ) | | |

**ရည်ညွှန်း**- ကျေးရွာအခြေအနေကို ရွာသူရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၁၆-၁၈၊ ဩဂုတ်လ၊ ၂၀၁၅)

## ၁.၄ ဥစ္စာဓနအဆင့်အနေအထား

**ဇယား ၅။ ။ တောင်ကိုင်းရွာ ဥစ္စာဓနအဆင့်အနေအထား**

| အကြောင်းအရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ်ရှိသောအိမ်ထောင်စု | ဆင်းရဲသော အိမ်ထောင်စု | အလွန်ဆင်းရဲသော အိမ်ထောင်စု |
| မြေယာပိုင်ဆိုင်မှု | ၇ဧက-၁၆ ဧကကြား | ၃-၇ဧကကြား | ၃ဧကအောက် | မရှိ |
| အိမ်အခြေအနေ | တိုက်ခံ၊သွပ်မိုး၊ ပျဉ်ကာပျဉ်ခင်း | ထရံကာ၊ပျဉ်ခင်း၊ သွပ်မိုး | ထရံကာ၊ သက်ကယ်မိုး၊သွပ်မိုး၊ ဝါးခင်း | တဲအိမ်၊ထရံကာ၊ သက်ကယ်မိုး၊ မြေစိုက် |
| လုပ်ငန်းသုံးကိရိယာ ပိုင်ဆိုင်မှု | လက်တွန်းထွန်စက် စပါးချွေလှေ့စက်၊ကျွဲ၊ နွား၊ရေစုပ်စက်၊ချိန်းဆော၊ဈေးဆိုင်၊ဆိုင်ကယ်၊စက်ဘီး၊ခြောက်ဘီးကား၊သစ်တိုက် (သရီးဂရောင်းကား) လေးလုံးထိုး၊ သုံးဘီး ဆိုင်ကယ် | လက်တွန်းထွန် စက်ကျွဲ၊နွား၊ထွန်၊ ထယ်၊ကောက်စိုက် စက်၊မြက်ဖြတ် စက်၊ ရေစုပ်စက်၊ ပန်းရံ၊လက်သမား ကျွမ်းကျင်၊ဆိုင် ကယ်၊ စက်ဘီး | လက်ရမ်းခါး၊ ပေါက်ပြား၊တံစဉ်၊ ချိန်းဆော၊ ပန်းရံ၊ လက်သမား နောက်လိုက်၊ ဆိုင်ကယ်၊ စက်ဘီး | ခါး၊ပေါက်ပြား၊တံ စဉ်၊ဆိုင်ကယ်၊စက် ဘီး၊ချိန်းဆော၊လက် သမား၊ပန်းရံနောက် လိုက်၊ကျဘမ်း(မှိုရှာ၊ မျှစ်ချိုး) |
| ဇိမ်ခံပစ္စည်း ပိုင်ဆိုင်မှု | ဇိမ်ခံကား (အေဒီဗင်) တီဗီ၊စလောင်း၊ဖုန်း၊ အိမ်စီးကား၊ရေခဲ သေတ္တာ၊ပန်ကာ၊ဖုန်း ကျွန်းဆက်တီခုံ၊စားပွဲ လက်ဝတ်ရတနာ၊ဆွဲ ကြိုး၊လက်ကောက်၊နား ကပ် | တီဗီ၊ဖုန်း၊စလောင် း၊ ဆိုင်ကယ် စက်ဘီး | ခေါက်တီဗီ၊ဆိုင် ကယ်၊စက်ဘီး နားကပ် | ခေါက်တီဗီ၊စက်ဘီး၊ ဆိုင်ကယ်တစ်ပါတ် ရစ်၊ဖုန်း(တစ်ချို့ရှိ) |
| အဓိကစီးပွားရေး လုပ် ငန်း၊ တနှစ်ဝင်ငွေ | ၂-၃သိန်း (၁လ) ၃၆သိန်း | ၁-၂သိန်း(၁လ) ၂၄သိန်း | ၁သိန်း-၁သိန်းခွဲ ၁၂ သိန်း ၆ သောင်း | ၁သိန်းဝန်းကျင် ၁၂သိန်းထိ |
| အခြားပိုင်ဆိုင်မှု | ဆိုလာကြီး၊မီး စက် | ဆိုလာလတ် | ဆိုလာသေး | ဆိုလာသေး |
| အိမ်ထောင် စုစုပေါင်း | ၂၅ | ၃၈ | ၅၀ | ၇၀ |

**ရည်ညွှန်း-** ကျေးရွာအခြေအနေကို ရွာသူရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၁၆-၁၈၊ ဩဂုတ်လ၊ ၂၀၁၅)

**လေ့လာတွေ့ရှိချက်** ။ ။ တောင်ကိုင်းရွာ၏ ဥစ္စာဓနအဆင့်ခွဲခြားခြင်းကို ဆန်းစစ်ရာတွင် လယ်ပိုင်၊ ယာပိုင်များသောအိမ်များမှာ အဆင်ပြေနှင့်အလယ်အလတ်အဆင့်များတွင်ဖြစ်ကြပြီး ၃ဧကအောက် ပိုင်ဆိုင်သူကို ဆင်းရဲအဆင့် သတ်မှတ်သည်ကိုကြည့်လျှင် တောင်ကိုင်း၏လူမှုစီးပွားမှာ အတန်အသင့်

တည်ငြိမ်ကောင်းမွန်သည်ဟု ယူဆနိုင်ပါသည်။ ဆင်းရဲဆုံးအဆင့်၇၀တွင် ကျပမ်းအိမ်ထောင်စု ၅၆စုပါဝင်ပြီး ၎င်းတို့မှာ အမှန်တကယ်မတတ်နိုင်သူများဖြစ်ကြောင်းထင်ရှားပါသည်။ ဇယား၂ပါတောင်သူ အငှားအိမ်ထောင်စုမှာ ၄၃စုရှိပြီး ၂၃%သာရှိသောကြောင့် ကျပမ်း၁၀%မျှ တောင်ယာလုပ်ငန်းခွင်တွင် အခွင့်အလမ်း ရနိုင်ပါသည်။ ပိုင်ဆိုင်မှုတွင် ချိန်းဆောကိုဖော်ထုတ်ကြခြင်းသည် သစ်တောခုတ်ခြင်း၊ သစ်တောပြုန်းခြင်း နှင့်ဆက်စပ်ပြကြပါသည်။ ရွှေလီသစ်ကွင်းသွားရောက်လုပ်ကိုင်ရာမှ ချိန်းဆောများဖြင့်သစ်ခုတ်တတ်လာကာ သစ်တောပြုန်းမှုနှုန်းမြင့်လာသည်ဟု ဆိုရမည်ဖြစ်ပါသည်။

## ၁.၅ ဝမ်းစာဖူလုံမှု၊ ဆင်းရဲနွမ်းပါးမှု နှင့် ထိခိုက်လွယ်မှုအခြေအနေ၊

### ၁.၅.၁ ဝမ်းစာဖူလုံမှု

**ဇယား ၆။ ။ တောင်ကိုင်းရွာ ဂမ်းစာဖူလုံမှုအခြေအနေ**

**ချေးငှားခြင်းမပြုဘဲထမင်းပုံမှန်/နပ်မှန်အောင်စားသောက်နိုင်သည့်အိမ်ထောင်စု ၁၆၃ ၈၇.၆၃%**

| အချိန်ကာလ | အိမ်ထောင်စု အရေအတွက် | အိမ်တောင်စု % | ဖြေရှင်းသည့်နည်းဗျူဟာ |
|---|---|---|---|
| ၃ လအောက် | ၈ | ၄.၃ | သမ၊မိတ်ဆွေများထံမှငွေတိုးချေးယူ၊ သီးနှံပေါ် ပေး-စပါးစိမ်းယူ |
| ၃ လနှင့် ၅ လ အထိ | ၁၅ | ၈.၀၆ | သမ၊မိတ်ဆွေများထံမှ ငွေတိုးချေးယူ၊ သီးနှံပေါ် ပေး-စပါးစိမ်းယူ |
| ၆လ မှ ၁၂ လ အထိ | ၁၆၃ | ၈၇.၆၃ | |

**ရည်ညွှန်း**- ကျေးရွာအခြေအနေကို ရွာသူရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၁၆-၁၈၊ ဩဂုတ်လ၊ ၂၀၁၅)

**လေ့လာတွေ့ရှိချက်** ။ ။ တောင်ကိုင်းရွာ ဂမ်းစာဖူလုံမှုသည် သာမန်အားဖြင့် မြင့်မားသည့်အခြေအနေတွင် ရှိပါသည်။ ထူးခြားချက်မှာ ဂမ်းစာအတွက် ဖြေရှင်းပုံဖြေရှင်းနည်းတွင် လတ်တလောချေးယူမှုဖြစ်သော သမဦးစီးဌာနကို ထည့်သွင်းဖော်ပြကြခြင်းဖြစ်ပါသည်။ အဓိကဖြေရှင်းနည်းမှာ လုပ်ခငွေကို စပါးပေါ်ပြီးစအချိန် စပါးဖြင့် သင့်ယူပြီး စပါးမှည့်အောင်၊ ဆန်အဖြစ်ကြိတ်ခွဲပြီး ဈေးကောင်းရသည်အထိ မစောင့်နိုင်ဘဲ ဈေးနှိမ်ခံပြီး ရောင်းချဖြေရှင်းခြင်းဖြစ်ပါသည်။ ရွာဘုံပိုင်လယ်၁၆ဧကတွင် ဂင်ရောက်လုပ်ကိုင်စားသောက်နိုင်မှုမှာလည်း အကန့်အသတ်နှင့်သာဖြစ်ပါသည်။ ဂမ်းစာဖူလုံမှုအတွက် ငွေချေးယူရမှုကိုမေးမြန်းရာတွင် အကြွေးရယူမှုပုံမဏာကို ဖော်ပြကြပြီး အမှန်တကယ်ဂမ်းစာပြဿနာအတွက် ချေးယူရသည်ထက် အခြားကျန်းမာရေး၊ လူမှုရေးနှင့် စီးပွားရေးကိစ္စရပ်များအတွက် ချေးယူရသည်ကို ပိုမိုများသည်ကို တွေ့ရပါသည်။ သာမန်အားဖြင့် ဂမ်းစာဖူလုံမှုအတွက် အဓိကချေးယူသည့်နေရာမှာ ဆွေမျိုးမိတ်ဆွေ များထံမှဖြစ်ပါသည်။

## ၁.၆ ထိခိုက်လွယ်မှု

### ၁.၆.၁ ထိခိုက်လွယ်သောလူပုဂ္ဂိုလ်အုပ်စု

**ဇယား ၇။ ။ တောင်ကိုင်းရွာ ထိခိုက်လွယ် လူပုဂ္ဂိုလ်အုပ်စု**

| အကြောင်းအရာ | ရှင်းလင်းချက်/ဖော်ပြချက် | ကျား | မ | ပေါင်း |
|---|---|---|---|---|
| သက်ကြီးရွယ်အို ၆၀နှစ် နှင့်အထက် | မိသားစုစောင့်ရှောက်မှုမရှိ | ၁ | ၄ | ၅ |
| မသန်စွမ်းသည့် ပုဂ္ဂိုလ် | မိသားစု/ရပ်ရွာ၏ စောင့်ရှောက်မှုမရှိ | | ၁ | ၁ |
| | | အိမ်ထောင်စုအရေအတွက် | | |
| အမျိုးသမီးဦးဆောင်အိမ်ထောင်စု | ဆင်းရဲ၍မိသားစုဦးရေများ | | | |
| မုဆိုးဖို / တစ်ခုလပ် | ဆင်းရဲ၍မိသားစုဦးရေများ | | | |
| ဆင်းရဲသည့် အိမ်ထောင်စု | အခြားဒေသသို့ကြာမြင့်စွာသွားရောက်နေထိုင်လုပ်ကိုင်နေသူ | | | |

**ရည်ညွှန်း-** ကျေးရွာအခြေအနေကို ရွာသူရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၁၆-၁၈၊ ဩဂုတ်လ၊ ၂၀၁၅)

**လေ့လာတွေ့ရှိချက်** ။ ။ မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အိုတွင် အမျိုးသမီး၄ဦးနှင့်အမျိုးသား ၁ဦးပေါင်း ၅ဦးရှိကာ မသန်စွမ်းပုဂ္ဂိုလ်မှာ မျက်စိမကောင်းသူအမျိုးသမီးတစ်ဦးဖြစ်ပါသည်။

### ၁.၆.၂ ကျေးရွာသူ၊ရွာသားများ၏ ဆုံးရှုံးနိုင်မှုအခြေအနေ

**ဇယား ၈။ ။ တောင်ကိုင်ကျေးရွာ၏ ထိခိုက်လွယ်အခြေအနေ**

| ထိခိုက်လွယ်အခြေအနေ | နိမ့်၊မြင့်၊လတ် | မှတ်ချက် |
|---|---|---|
| စားနပ်ရိက္ခာမဖူလုံမှု | နိမ့် | လယ်ယာလုပ်ငန်းတွင် ကျပမ်း၁၀%ခန့်အလုပ်ရနိုင်၊ မိုးမိတ်နှင့်နီးပြီး နေ့စဉ်နီးပါးသွားရောက်လုပ်ကိုင်ကြသည်။ |
| သဘာဝအရင်းအမြစ်ရှားပါးမှု (မြေ၊ စိုက်ပျိုးရေ) | လတ် | ကင့်နွယ်ချောင်း၊ ဝါး ပိုးချောင်း၊ မိုးဦးတွင် ရေလာနည်း။ (အထက်၆ မိုင် တောင် ဘက်မိုးကုတ်မှလာ) ပျိုးထောင်မရ၊ ဝယ်စိုက်ရ ကုန်းတွင်းတောင်သူ မိုးဦး ကာလ မိုးခေါင်ခြင်းကို ၃နှစ်ဆက် တိုက်ကြုံတွေ့ နေရ။ |
| ရေကြီးခြင်း | လတ် | ၂၀၀၁ ခုနှစ် နမ့် မိတ်ချောင်း ရေလျှံ ပြီး လယ် သဲဖုံး လယ်သမား ပြင်ဆင်မှုမရှိ၊ မတွေ့ကြုံဘူး(နမ့်မိတ် ချောင်းနှင့်ကင့်နွယ် ချောင်းကြား လယ်များ သဲဖုံး) တောက်ကျချောင်းများရှိ ကျောက်မျက်ဖက်စပ်ကု မ္ပဏီများ၏ စွန့်ပစ် ပစ္စည်းများဖြစ် သည့် သဲကနယ်ရေများ ကြောင့် လယ်များပျက်စီး |
| မုန်တိုင်း | နိမ့် | |
| ၄က်ဖျား | နိမ့် | မိုးတွင်း |
| မိုးခေါင်ခြင်း | မြင့် | မိုးဦးကာလမိုးခေါင် ခြင်းကို ၃ နှစ်ဆက်တိုက် ကြုံတွေ့ |
| မီးဘေး | နိမ့် | |
| သစ်တောပြုန်းတီးခြင်း | လတ် | တပ်ကထိန်းချုပ်ထား၊ သစ်ထုတ်လုပ်ခြင်း။ |
| လူကုန်ကူးခြင်း | မရှိ | |

| ထိခိုက်လွယ်အခြေအနေ | နိမ့်၊မြင့်၊လတ် | မှတ်ချက် |
|---|---|---|
| ဝေးလံခေါင်သီ/လမ်းပန်းဆက်သွယ်ရေးခက်ခဲ စသည် | | |
| မူးယစ်ဆေးဝါးသုံးစွဲမှု | မြင့် | လူငယ်၊လူလတ် အမျိုးသားများ သစ်ကွင်းသွားရာမှ တရုတ်ကုမ္ပဏီက အလုပ်လုပ်နိုင်ရန် ဆေးပြားကျွေးရာမှစွဲ |

**ရည်ညွှန်း**- ကျေးရွာအခြေအနေကို ရွာသူရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၁၆-၁၈၊ ဩဂုတ်လ၊ ၂၀၁၅)

## ၁.၆.၃ မည်သူတို့သည် ထိခိုက်လွယ်ကြသနည်း။

**ဇယား ၈။ ။ တောင်ကိုင်းရွာ ထိခိုက်လွယ်သူများအခြေအနေ**

| စဉ် | အမျိုးအစား | ထိခိုက်မှု (နိမ့်/လတ်/မြင့်) | မှတ်ချက် |
|---|---|---|---|
| ၁ | လူငယ် | မြင့် | မူးယစ်ဆေးဝါးကို အလွယ်တကူရခြင်း၊ ကျောင်းသားများပညာရေးထိခိုက်၊ မိဘများစီးပွား ရေးထိခိုက်၊ |
| ၂ | အမျိုးသမီးဦးဆောင်ဆင်းရဲအိမ်ထောင်စု | မြင့် | မူးယစ်ဆေးဝါးကြောင့် ခင်ပွန်းများ အလုပ်မလုပ်တော့သောကြောင့် အမျိုးသမီးများကဦးဆောင်နေရ |
| ၃။ | အမျိုးသမီးများ | မြင့် | မူးယစ်ဆေးဝါးကြောင့်လုယက်ခံရမှုများ |
| ၃ | မြေယာမဲ့၊ ဆင်းရဲသားတောင်သူ | မြင့် | |
| ၄ | သဘာဝဘေးဒဏ်ဆိုးရွားစွာကျရောက်နိုင်သောအိမ်ထောင်စု/ ကူးစက်ရောဂါ ထူပြောသော ဒေသ | | |
| ၅ | ချောင်းကမ်းဘေးနေလူထု | နိမ့် | |
| ၆ | မတော်မဆမှုဖြစ်နိုင်ခြေများသောနေရာ (Prone to accident) | မြင့် | |
| ၇ | ပြည်တွင်းနေရပ်စွန့်ခွါရွှေ့ပြောင်းခံရသူများ (IDP) | မရှိ | |
| ၈ | မြေနိမ့်ပိုင်းနေထိုင်သူများ | နိမ့် | တောင်ကျချောင်းရေလျှံခြင်းများ ကို ခံစားရသော်လည်းမပြင်းထန် |
| ၉ | ငါးကန်ပိုင်ရှင် | နိမ့် | |
| ၁၀ | လက်လုပ်လက်စားများ၊ ကျပန်း | မြင့် | အလုပ်အကိုင်ပုံမှန်မရှိ |
| ၁၁ | လူနည်းစုလူမျိုးများ | နိမ့် | |
| ၁၂ | ဒေသတွင်းပဋိပက္ခဇရိယာ | နိမ့် | |
| ၁၃ | နယ်စပ်ဒေသ | နိမ့် | |
| ၁၄ | ဆေးစွဲသူများ | မြင့် | အမျိုးသားအများစုဆေးစွဲ |
| ၁၅ | ကူးစက်ရောဂါရနိုင်ခြေရှိသောသူများ | လတ် | ဆေးပြားများသာအဓိကသုံးစွဲ |
| ၁၆ | လှည့်လည်သွားလာ၍ဈေးရောင်းသူများ | မရှိ | |
| ၁၇ | ရွှေ့ပြောင်းလုပ်သားများ | မရှိ | |
| ၁၈ | လိုင်းကားသမား | မရှိ | |
| | အခြား | | |

**ရည်ညွှန်း**- ကျေးရွာအခြေအနေကို ရွာသူရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၁၆-၁၈၊ ဩဂုတ်လ၊ ၂၀၁၅)

**လေ့လာတွေ့ရှိချက်** ။ ။ တောင်ကိုင်းရွာ၏အဓိကထိခိုက်လွယ်အခြေအနေမှာ မူးယစ်ဆေးဝါး ပြဿနာနှင့် ဆက်နွယ်နေပါသည်။ အမျိုးသမီးဦးဆောင်အိမ်ထောင်စုသည် ၃၀%ကျော်ရှိပြီး အများစုမှာ အမျိုးသားများ မူးယစ်ဆေးဝါးသုံးစွဲမှုကြောင့် ဖြစ်လာရခြင်းဖြစ်ပါသည်။ ခင်ပွန်းယောက်ကျားများ သေဆုံးခြင်း၊ ထောင်ကျခြင်း သို့မဟုတ် အိမ်ပြန်မလာတော့ခြင်းတို့ကြောင့် အမျိုးသမီးများက ဦးဆောင်လုပ်ကိုင်စားသောက်နေရသော အခြေအနေဖြစ်ပါသည်။ ရှိနေသောအမျိုးသားအများစုမှာလည်း မူးယစ်ဆေးဝါးနှင့်ကင်းသူနည်းပါးသည်ဟု ဆွေးနွေးကြပါသည်။ သဘာဝဘေးအန္တရာယ်အနေဖြင့်မူ မိုးဦးကာလမိုးခေါင်ခြင်းကို ၃နှစ်ဆက်တိုက်ကြုံတွေ့ခဲ့ပြီးဖြစ်သော်လည်း မည်သို့စနစ်တကျတုံ့ပြန်ရမည် အလိုက်ညီနေထိုင် စိုက်ပျိုးရမည်ကို မသိခြင်းသည် ထိခိုက်လွယ်အခြေအနေကို တိုးမြင့်စေသကဲ့သို့ဖြစ်နေပါသည်။ မိုးကုတ်ဖက်မှာ ကျောက်မျက်ဖက်စပ်ကုမ္ပဏီများက ကျောက်တူးဖော်ခြင်းမှစွန့်ပစ်လိုက်သော စွန့်ပစ်ကျောက်ဖြုန်းအနယ်များ ချောင်းအောက်ဘက်အတိုင်းပါလာပြီး အထူးသဖြင့် ကင့်နွယ်ချောင်းနှင့်ဝါးပိုးချောင်း ဆုံရာတွင် အနည်ထိုင်ပြီး ချောင်းကြမ်းပြင်ကောလာကာ လယ်များအတွင်းသို့ရေလျှံဝင်ခြင်း၊ ရေလျှံဝင်ခြင်းနှင့်အတူ ဗြန်းကျောင်အနယ်များပါလာခြင်းကြောင့် လယ်တွင်းရှိသီးနှံများပျက်စီးဆုံးရှုံးရခြင်းဖြစ်ကာ တစ်ရွာတည်းအနေဖြင့် တုံ့ပြန်ဆောင်ရွက်နိုင်ခြင်းမရှိသောကြောင့် ထိခိုက်လွယ်မှုများသည့်အခြေအနေဖြစ်ပါသည်။

## ၂. လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ

### ၂.၁ ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ

#### ၂.၁.၁ ကျေးရွာတွင်းရှိ လူထုအခြေပြုအဖွဲ့အစည်းများ

**ဇယား ၉။ ။ တောင်ကိုင်းရွာ ရပ်ရွာအခြေပြုအဖွဲ့အစည်းများ**

| အဖွဲ့အစည်းအမည် | အမျိုးအစား (၁/၂/၃) | အဖွဲ့ဝင်ဦးရေ | | | လုပ်ငန်းတာဝန် | ဦးဆောင်ဖွဲ့စည်းသူများ(၄/၅) | စွမ်းဆောင်နိုင်မှု (၆/၇/၈) |
|---|---|---|---|---|---|---|---|
| | | ကျား | မ | ပေါင်း | | | |
| စာကြည့်တိုက်ကော်မတီ | ၂ | ၁၃ | ၄ | ၁၇ | စာကြည့်တိုက်ဖွင့်၊ စာအုပ်ငှား | ၄ | ၆ |
| လူပျိုအဖွဲ့ | ၂ | ၆၇ | | ၆၇ | ရေနွေးတိုက်ဧည့်ခံ | ၄ | ၆ |
| အပျိုအဖွဲ့ | ၂ | | ၅၀ | ၅၀ | ထမင်းစားပြီးရေတိုက်၊ပန်းကန်ဆေး | ၄ | ၆ |
| ပေါ်ခင်အဖွဲ့ | ၂ | ၆၀ | | ၆၀ | ထမင်းကျွေး | | |
| မယ်ခင်အဖွဲ့ | ၂ | | ၆၀ | ၆၀ | ရေနွေးတိုက် | ၄ | ၆ |
| ဘုန်းကြီးဧည့်ခံ | ၃ | ၅ | ၅ | ၁၀ | ဘုန်းကြီးဝေယျာဝစ္စ | ၄ | ၆ |
| ဓမ္မစကူးလ် | ၃ | ၃ | ၁ | ၄ | ယဉ်ကျေးလိမ္မာသင်တန်း | ၅ | ၆ |
| ထမင်းချက် | ၂ | ၁၅ | | ၁၅ | ထမင်း ပေါင်း | ၄ | ၆ |
| ဝိသာခါ | ၃ | | ၁၃ | ၁၃ | အလှူအတန်း များတွင်ဟင်းရွက်သင် | ၄ | ၆ |

| အဖွဲ့အစည်းအမည် | အမျိုးအစား (၁/၂/၃) | အဖွဲ့ဝင်ဦးရေ | | | လုပ်ငန်းတာဝန် | ဦးဆောင်ဖွဲ့စည်းသူများ(၄/၅) | စွမ်းဆောင်နိုင်မှု (၆/၇/၈) |
|---|---|---|---|---|---|---|---|
| | | ကျား | မ | ပေါင်း | | | |
| ဆွမ်းကပ် | ၃ | ၂၀ | ၅ | ၁၅ | ဘုန်းကြီးဆွမ်းကပ် | ၄ | ၆ |
| ရွာအလုပ်အမှုဆောင် | ၂ | ၈ | | | သာရေးနာရေး | | |
| ကျေးရွာအဖွဲ့ | ၂ | ၂၉၆ | ၃၃၂ | ၆၂၈ | ရွာဘုံပိုင်လယ် ၁၆ ဧက စိုက်ရန် | ၄ | ၆ |
| အမျိုးသမီးရေးရာ | ၂ | | ၂၅ | ၂၅ | အမျိုးသမီး ကျန်းမာရေး | ၅ | ၇ |
| မိခင်နှင့်ကလေး | ၂ | | ၂၅ | ၂၅ | မိခင်ကလေးကျန်းမာရေး | ၅ | ၇ |
| မီးသတ် | ၂ | ၂၅ | | ၂၅ | မီးကင်းစောင့် | ၄ | ၇ |
| ပြည်သူ့စစ် | ၂ | ၃၀ | | ၃၀ | ပွဲလမ်းသဘင်နှင့် ရပ်ရွာလုံခြုံရေး | ၅ | ၇ |
| ကျောင်းအကျိုးတော် ဆောင် | ၂ | ၉ | ၁ | ၁၀ | ကျောင်းသန့်ရှင်း လုံ ခြုံရေး၊ | | |
| ကျောင်းကျန်းမာရေးအဖွဲ့ | ၂ | | ၁၀ | ၁၀ | ကျောင်းနေကလေး ကျန်းမာရေးစောင့်ရှောက်မှု (အာဟာရကျွေး) | ၄ | ၆ |
| ပညာရေးထောက်ပံ့မှုအဖွဲ့ | ၂ | ၂ | ၁ | ၃ | ပညာရေးထူးချွန်ကလေးများကို ထောက်ပံ့ရန် (ဆရာတော်၏ ဩဝါဒ) ပ၊ဒု၊တ ပညာရည်ချွန်ဆုပေး | ၄ | စုပေါင်းထည့်ဝင် (တစ်နှစ်ကို တစ်အိမ်ထောင်ကို ၁၂၀၀၀ (တစ်လ ၁၀၀၀ ပညာရေး ၅၀၀ + ကျန်းမာရေး ၅၀၀) ၆ |
| မိဘဆရာအသင်း | ၂ | ၄ | ၆ | ၁၀ | ကျောင်းသန့်ရှင်းရေး၊ အာဟာရေ | ၄ | ၇ |

**ရည်ညွှန်း**- ကျေးရွာအခြေအနေကို ရွာသူရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၁၆-၁၈၊ ဩဂုတ်လ၊ ၂၀၁၅)

**မှတ်ချက်။**

**အုပ်စုအမျိုးအစား**

(၁) **စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်**

(၂) **လူမှုရေးအဖွဲ့ - ဥပမာ- အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့**

(၃) **ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့**

**ဦးဆောင်ဖွဲ့စည်းသူများ**

(၄) **ကျေးရွာလူထုကိုယ်တိုင်**

(၅) **ပြင်ပအဖွဲ့အစည်းအဖွဲ့စွမ်းဆောင်နိုင်မှုအခြေအနေ**

(၆) ကောင်း
(၇) သင့်
(၈) ညံ့ (အားနည်း)

## ၂.၁.၂ ဖွံ့ဖြိုးရေးအထောက်အပံ့များအတွက် ပြင်ပအဖွဲ့အစည်းများ၏ အခြေအနေ

**ဇယား ၁၀။ ။ တောင်ကိုင်းရွာ ဖွံ့ဖြိုးရေးအထောက်အပံ့များအတွက် ပြင်ပအဖွဲ့အစည်းများ၏ အခြေအနေ**

| စဉ် | အမည် | အဖွဲ့အစည်းအမျိုးအစား (၁/၂/၃/၄/၅/၆/၇) | အဖွဲ့အစည်း၏လုပ်ငန်းတာဝန်များနှင့် အစီအစဉ် |
|---|---|---|---|
| ၁ | မြို့နယ်သံဃာမဟာနာယက | ၁ | ရွာကျောင်းထိုင်ဘုန်းကြီးက မြို့နယ်သံဃာမဟာနယကဥက္ကဋ္ဌဖြစ် |
| ၂ | မြို့နယ် သာသနပါလကအဖွဲ့ | ၁ | ဓမ္မစကူးလ်ယဉ်ကျေးလိမ္မာသင်တန်း |

**ရည်ညွှန်း-** ကျေးရွာအခြေအနေကို ရွာသူရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၁၆-၁၈၊ ဩဂုတ်လ၊ ၂၀၁၅)

**မှတ်ချက်။**

(၁) ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ)
(၂) အစိုးရမဟုတ်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ)
(၃) အရပ်ဘက်လူမှုအဖွဲ့အစည်း
(၄) ဘက်ပေါင်းစုံဖွံ့ဖြိုးရေးအဖွဲ့အစည်းများ (ဥပမာကုလသမဂ္ဂအဖွဲ့၊ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)
(၅) ကဏ္ဍအလိုက် ဖွံ့ဖြိုးရေးအဖွဲ့အစည်း (ဥပမာ - UK Aid, GIZ စသည့်)
(၆) ပရဟိတအဖွဲ့ (ပြည်တွင်း/ ပြည်ပ)
(၇) ပုဂ္ဂလိကအဖွဲ့အစည်းများ

## ၂.၂ စီးပွားရေးနှင့်အသက်မွေးဝမ်းကြောင်းလုပ်ငန်းများ၊

### ၂.၂.၁ စိုက်ပျိုးရေးသီးနှံ

#### ၂.၂.၁.၁ စိုက်ပျိုးမြေပိုင်ဆိုင်မှု၊မြေယာပိုင်ဆိုသည့် အိမ်ထောင်စု

**ဇယား ၁၂။ ။ တောင်ကိုင်းရွာ စိုက်ပျိုးမြေပိုင်ဆိုင်အိမ်ထောင်စုအခြေအနေ**

| စဉ် | မြေပိုင်ဆိုင်မှုအရွယ်အစား | အိမ်ထောင်စု အရေအတွက် | အိမ်ထောင် စု% | ဖွံ့ဖြိုးရေးအမြင်သတ်မှတ်ချက် |
|---|---|---|---|---|
| ၁ | မြေယာမဲ့ စိုက်ပျိုးမြေမရှိ | ၁၁၆ | ၆၂.၄% | မြေမဲ့ယာမဲ့ |
| ၂ | ၂.၅ဧကအောက်(၁ ဟတ် တာထိ) | ၆ | ၃.၂၅% | ဆင်းရဲသားတောင်သူ |
| ၃ | ၂.၅ဧကမှ ၅ ဧကထိ (၂ ဟတ်တာထိ) | ၂၅ | ၁၃.၄% | တောင်သူငယ် |
| ၄ | ၅ဧကမှ၁၂.၅ဧကကြား (၅ဟတ်တာထိ) | ၃၂ | ၁၇.၂% | အလယ်အလတ်စားတောင်သူ |
